ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

နဝမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )**

**[အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစောယွားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ ၃၀-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်းအခမ်းအနားတက်ရောက်ရန်။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ဂင်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်နှင့် ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မောင်တောမြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်ခြားစောင့် ရဲတပ်ဖွဲ့နယ်နိမိတ်အတွင်း မြို့နယ်ရဲစခန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် လုံခြုံရေး အားနည်းသည့်နေရာနှင့် လုံခြုံရေး လုံးဝမရှိသည့် ဒေသခံတိုင်းရင်းသားကျေးရွာများ၌ ပြည်သူ့စစ် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က မောင်တောမြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ နယ်နိမိတ်အတွင်း မြို့နယ်ရဲစခန်းများ တိုးချဲ့ ဖွင့်လှစ်ပေးရန်နှင့် လုံခြုံရေးအားနည်းသည့်နေရာနှင့် လုံခြုံရေး လုံးဝမရှိသည့် ဒေသခံတိုင်းရင်းသားကျေးရွာများ၌ ပြည်သူ့စစ် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်ကျော်ဝင်း ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီမေးခွန်းဟာ ပဉ္စမပုံမှန်အစည်းအဝေး၌ တင်သွင်းခဲ့သည့် မေးခွန်းဖြစ်ပြီး ယခု သတ္တမပုံမှန်အစည်းအဝေး နဝမနေ့တွင် မောင်တောမြို့နယ်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ နယ်နိမိတ်အတွင်း မြို့နယ်ရဲစခန်းများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် လုံခြုံရေးအားနည်းသည့် နေရာနှင့် လုံခြုံရေးလုံဝမရှိသည့် ဒေသခံတိုင်းရင်းသား ကျေးရွာများ၌ ပြည်သူ့စစ် ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မောင်တောမြို့နယ်တွင် ယခင်က တောင်ပြိုမြို့နယ်တစ်ခုရှိပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှ မြင်းလွှတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် ဖွဲ့စည်းပေးထားပါတယ်။ မောင်တောမြို့ပေါ်တွင် ရပ်ကွက်(၆)ခု၊ တောင်ပြိုမြို့နယ်တွင် ရပ်ကွက်(၅)ခု၊ မြင်းလွှတ်တွင် ရပ်ကွက်(၈)ခု၊ ခမောင်းဆိပ်တွင် ရပ်ကွက်(၅)ခု စုစုပေါင်း ရပ်ကွက်(၂၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၉၆)အုပ်စု၊ ကျေးရွာစုစုပေါင်း(၃၆၄)ရွာခန့်ဖွဲ့စည်းထားရှိပါတယ်။ ၈-၆-၂၀၁၂ ခုနှစ်တွင် ဘင်္ဂါလီအကြမ်းဖက်များက ဒေသခံတိုင်းရင်းသားများ၊ ပညာရေးဝန်ထမ်းများ၊ ရဟန်းသံဃာ အပါအဝင် နေအိမ် များကို မီးရှို့ဖျက်ဆီး သတ်ဖြတ်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်ကို နိုင်ငံတော်အစိုးရအနေဖြင့် သိရှိပြီး ဖြစ်ပါတယ်။ နစက တပ်ဖွဲ့ကို ဖျက်သိမ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူးအဖွဲ့(၁)ကို ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင် တာဝန်ယူဆောင်ရွက်နေသည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်၊ ပဋိပက္ခဖြစ်ပွားပြီးမှ ၉-၁၀-၂၀၁၆ ရက်နေ့အထိ နယ်ခြားစောင့် ရဲတပ်ဖွဲ့၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပတ်သက်၍ တာဝန်ယူ ဆောင်ရွက်သည့်အခါ ယခင် နစက အုပ်ချုပ်စဉ်ကာလက ဖွင့်လှစ်ပေးထားသည့် ကြိမ်ချောင်းရဲစခန်း၊ အင်းဒင်ရဲစခန်း၊ ခရေမြိုင်ရဲစခန်း အပါအဝင် အခြားရဲကင်းစခန်းများကို နယ်ခြားစောင့်ရဲကွပ်ကဲမှု တာဝန်ယူချိန်မှစ၍ နယ်ခြားစောင့်နယ်နိမိတ်အတွင်းမှ ရဲစခန်းများကို ရုပ်သိမ်းခံခဲ့ရပါသည်။ ယခုလက်ရှိ မောင်တောမြို့ပေါ်၌ ခရိုင်ရဲတပ်ဖွဲ့ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံး၊ မြို့နယ်ရဲစခန်းနှင့် ရဲကင်းစခန်းများကို မြို့ဧရိယာအတွင်းရှိပြီး နောက်ထပ် မြို့သူကြီး၊ မြင်းလွှတ်၊ ခမောင်းဆိပ်မြို့တို့တွင်လည်း မြို့နယ်ရဲစခန်းများကို အမြန်ဆုံး ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

၎င်းမြို့နယ် ရဲစခန်း(၃)ခု ထပ်မံဖွင့်လှစ်ရုံလောက်နှင့် မလုံလောက်သည့်အတွက် နယ်ခြားစောင့်နယ်နိမိတ်အတွင်း မြို့နယ်ရဲစခန်းများ၊ ရဲကင်းစခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ မြို့နယ်ရဲကင်းစခန်းများကို တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက နယ်မြေခံ နယ်ထိန်းရဲတပ်ဖွဲ့များသည် နယ်မြေအတွင်း လုံခြုံရေးသတင်းရယူရာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရာတွင်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ အကြမ်းဖက်သတင်း ရှာဖွေစုဆောင်းမှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

အလားတူ ဘူးသီးတောင်၊ ရသေ့တောင်များတွင်လည်း မြို့နယ်ရဲစခန်း၊ ရဲကင်းစခန်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါသည်။ မောင်တောမြို့ပေါ်နှင့် ပတ်သက်၍ အနည်းငယ် ရှင်းပြရမည် ဆိုရင် ဘင်္ဂါလီအကြမ်းဖက်များ လုပ်ဆောင်လာသည်မှာ ၁၉၄၂ ခုနှစ်မတိုင်မီ ရခိုင်လူမျိုးများကို သတ်ဖြတ်ခြင်း၊ ကျေးရွာဟောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နဂါးမင်းစစ်ဆင်ရေးကာလဖြစ်စဉ်၊ ၁၉၉၄ ခုနှစ် မောင်တောမြို့ပေါ်၌ ဗုံးပေါက်ကွဲမှုများဖြစ်စဉ်၊ ၈-၆-၂၀၁၆ ပဋိပက္ခများဖြစ်စဉ်၊ ၂၀၁၄ ခုနှစ် ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း သေဆုံးသည့် ဖြစ်ရပ်၊ ၉-၁၀-၂၀၁၆ ရက် အကြမ်းဖက်မှုဖြစ်စဉ် (၂၅-၈-၂၀၁၇)၊ (၂၆-၈-၂၀၁၇)၊ (၂၇-၈-၂၀၁၇) ရက်နေ့ဖြစ်စဉ် ဖြစ်သည့် နောက်ပိုင်းတွင်လည်း ဒေသခံတိုင်းရင်းသားများ မကြာခဏ ဘင်္ဂါလီ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကို ခံနေရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့စစ် ဖွဲ့စည်းပေးရန် တောင်းဆိုရခြင်းနှင့်ပတ်သက်၍ မောင်တော မြို့နယ် ဒေသခံတိုင်းရင်းသားများ လုပ်ကိုင်စားသောက်ရန်အတွက် မြစ်ချောင်းများသို့ ငါးရှာသွားရန် မရသည်ကတစ်ကြောင်း၊ တောင်ပေါ်သို့ လုပ်ကိုင်စားသောက်၍မရသည်ကတစ်ကြောင်း၊ ကျေးရွာ အနီးပတ်ဝန်းကျင်ရှိ ရှာဖွေစားသောက်၍မရသည်ကတစ်ကြောင်း၊ မကြာခဏ ဗုံးပေါက်ကွဲမှုများ ကိုလည်း ဗုံးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခြင်း၊ ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံး ရသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပါသည်။ မောင်တောမြို့နယ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အားနည်းချက် များကြောင့် ဒေသခံတိုင်းရင်းသားများ နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ရအောင်သော်လည်းကောင်း၊ လုံခြုံရေးလုံးဝမရှိသည့် ဒေသခံတိုင်းရင်းသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် အတွက်သော်လည်းကောင်း၊ မိမိကိုယ်ကိုယ်မိမိ ကာကွယ်ခုခံပိုင်ခွင့် ရရှိနိုင်ရေးအတွက် ပြည်သူ့စစ် ဖွဲ့စည်းပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါအကြောင်းအရာအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါသည်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာ၊ ပြည်သူ့ရဲစခန်းတွင် လိုအပ်လျက်ရှိသော ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာ၊ ပြည်သူ့ရဲစခန်းတွင် လိုအပ်လျက်ရှိသော ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

ညွှန်ကြားချက်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ပလက်ဝမြို့နယ်၊ ရှင်းလက်ဝ ကျေးရွာသည် အိမ်ခြေ(၂၈၇)ရှိပြီး လူဦးရေ(၁၂၈၂)ဦးကျော်နေထိုင်သော ကျေးရွာကြီးတစ်ရွာဖြစ်ပါ တယ်။ ဖော်ပြပါ ရှင်းလက်ဝကျေးရွာသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိပြီး အထက် တန်းကျောင်း၊ ကျန်းမာရေးဌာနနှင့် ရဲစခန်းရှိသောရွာကြီးဖြစ်သည်နှင့်အညီ ဈေးဆိုင်တန်းများ ရှိသည့် အတွက် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဈေးသွား၊ ဈေးလာပြည်သူ ခရီးသွားလာသူ အဝင် အထွက်များပြီး လူစည်ကားလျက်ရှိသောနေရာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရှင်းလက်ဝကျေးရွာသည် ပလက်ဝမြို့မှ ရေမိုင်(၆၀)အကွာတွင် တည်ရှိပြီး နောင်တွင် မြို့အဆင့်အထိ လျာထားသောကျေးရွာလည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ် ရေးခက်ခဲပြီး ရေကြောင်းလမ်းဖြင့်သာ သွားလာခဲ့ရပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ပြည်သူ့ ရဲများအတွက် ရုံးခန်းနှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ယခုအခါ ရှင်းလက်ဝကျေးရွာတွင် ကုန်ပြင်ကျေးရွာ စစ်ဘေးရှောင်ပြည်သူများ(၃၃၄)ဦး ခေတ္တခိုလှုံ နေထိုင်လျက် ရှိပြီး ဒေသနယ်မြေလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သော ရဲစခန်းလည်း ဖြစ်သည်နှင့်အညီ ပြည်သူများ ဘဝလုံခြုံရေးအတွက် နေထိုင်ရေးသည် အဓိကလိုအပ်သည်မှာ ကျွန်တော်ကိုယ်တိုင် မျက်မြင်သက်သေပင် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ပုံအထောက်အထားများ တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါ တယ်ခင်ဗျား။ ဒါ တိုက်ပွဲရှောင်ပြည်သူများ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပင် ပလက်ဝ မြို့နယ်အတွင်း၌ရှိသော ရဲစခန်းများ၊ ရဲကင်းများတွင် ဝန်ထမ်းအိမ်ရာများ တော်တော်များများ လိုအပ် နေသည်မှာ အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲဝန်ထမ်းများမှ သိရှိရပါတယ်။ လိုအပ်သောနေရာအသီးသီးတွင် ရဲစခန်း၊ ရဲကင်းများနှင့်ညီညွတ်သော ရုံးခန်း၊ နေအိမ်များ ဆောက်လုပ် ပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပလက်ဝမြို့နယ်၊ ရှင်းလက်ဝကျေးရွာ ပြည်သူ့ရဲစခန်းတွင် လိုအပ်လျက်ရှိသော ရုံး၊ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ရှင်းလက်ဝကျေးရွာ ရဲစခန်း၏ မြင်ကွင်းပုံ (၄)




အလေးပြုအဆောက်အဦနှင့် ကင်းစောင့်ရုံ၏ မြင်ကွင်းပုံ (၄-၁)



ဝန်ထမ်းအိမ်ရာများ၏ မြင်ကွင်းပုံ (၄-၂)



**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းအနောက်ရွာတွင် ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတစ်ခု သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ ရဲကင်းတစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းအနောက်ရွာတွင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခု သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ ရဲကင်းတစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း နှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းအနောက်ရွာတွင် ပြည်သူ့ရဲတပ်ဖွဲ့ စခန်း သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ ရဲကင်းတစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ စလင်းမြို့နယ်ဟာ ရပ်ကွက်(၉)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၀)နဲ့ ကျေးရွာခွဲပေါင်း(၄၁၅)ရွာရှိပြီး လူဦးရေအားဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ မဲစာရင်းများအရ ကျား၊မ(၂၅၀၂၅၀)ဦး တည်ရှိသောမြို့နယ်ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးတွင် ရပ်ကွက်/ကျေးရွာအုပ်စု အများဆုံးမြို့နယ် ဖြစ်ပါတယ်။ စလင်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှာတော့ ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်း(၃)ခု၊ ရဲကင်း(၁)ခု၊ တပ်ဖွဲ့ဝင်အင်အား ခွင့်ပြု(၂၆၉)ဦး၊ ခန့်ထားတာက(၁၆၇)ဦး၊ လစ်လပ်တာက(၁၀၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ တကယ်တော့ ပြည်သူ့ရဲတပ်ဖွဲ့တွေနှင့် ပြည်သူရဲ့အချိုးကို ကြည့်မယ်ဆိုရင် ရဲတပ်ဖွဲ့ဝင်တစ်ဦးဟာ ပြည်သူ(၁၄၉၉)ယောက်လောက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် တာဝန်ယူနေရကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခု ကျွန်တော် မေးမြန်းတဲ့ ဖောင်းလင်းကျေးရွာအုပ်စုဟာ ကျေးရွာအုပ်စုကြီးဖြစ်သလို ၎င်းအနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ မှရိုးကုန်း၊ ပေါက်လေးပင်၊ တလင်းကြီးကုန်း၊ တောကြီးကျေးရွာအုပ်စုတွေက ရွာခွဲတွေပေါ်များပြီး အဆိုပါကျေးရွာအုပ်စု(၅)အုပ်စုရဲ့ အိမ်ထောင်စုဟာ(၃၃၄၄)၊ လူဦးရေဟာ(၁၄၁၃၇)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပိုမိုထူးခြားချက်အနေနဲ့ ယင်းကျေးရွာအုပ်စုများဟာ ဧရာဝတီမြစ်ကမ်းဘေးမှာ တည်ရှိပြီး၊ ရေနံချောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် နယ်ခြားများ ထိစပ်နေပြီး မြို့နယ်ခြားမြေနုကျွန်းကိစ္စ၊ မြို့နယ်တွင်းမြေနုကျွန်းကိစ္စများအပြင် ရပ်ရွာ၊ သာရေး၊ နာရေးကိစ္စတို့၌ မကြာခဏဆိုသလို ပြဿနာများဖြစ်ပွားကြောင်း လေ့လာတွေ့ရှိ ရပါတယ်။

စလင်းမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းနှင့်လည်း ဖောင်းလင်းဆိုရင်(၈)မိုင်၊ အခြားကျေးရွာတွေဆိုရင် (၁၀)မိုင်၊ (၁၂)မိုင်ခန့်ကွာဝေးပါတယ်။ နွေနှင့်ဆောင်းမှာ သွားလာရေး အဆင်ပြေသော်လည်း မိုးရာသီမှာ သွားလာရေး တော်တော်ခက်ခဲပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့ ရဲစခန်း သို့မဟုတ် ရဲကင်း တည်ဆောက်ရန် အတွက်လည်း မြေနေရာရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းအနောက်ရွာတွင် ပြည်သူ့ရဲတပ်ဖွဲ့ ရဲစခန်းတစ်ခု သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ ရဲကင်းတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီး၊ နန်းယွန်း၊ လဟယ် မြို့နယ်များတွင်ရှိသော မြို့နယ်ခွဲမှ မြို့ဟုအမည်ပြောင်းထားသည့် မိုပိုင်းလွတ်၊ ဆွမ္မရာ၊ ထန်ပါခွေ၊ ဒုံဟီး၊ ပန်ဆောင်မြို့များအား ဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ပြုပေးနိုင်ရန်နှင့် လိုအပ်သော ဌာနဆိုင်ရာ ဝန်ထမ်းများချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီး၊ နန်းယွန်း၊ လဟယ်မြို့နယ်များတွင်ရှိသော မြို့နယ်ခွဲမှ မြို့ဟု အမည်ပြောင်းထားသည့် မိုပိုင်းလွတ်၊ ဆွမ္မရာ၊ ထန်ပါခွေ၊ ဒုံဟီး၊ ပန်ဆောင်မြို့များအား ဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်ပြုပေးနိုင်ရန်နှင့် လိုအပ်သော ဌာနဆိုင်ရာ ဝန်ထမ်းများချပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းမှာ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် မြို့နယ် (၃)ခုရှိ၍ မြို့ (၅)မြို့ သတ်မှတ်ပေးပြီး ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်ချပေးနိုင်ရန်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ချပေးခြင်း၊ ရုံးများ အလုံအလောက် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုပိုင်းလွတ်မြို့၊ ဆွမ္မရာမြို့၊ ထန်ပါခွေမြို့၊ ဒုံဟီးမြို့၊ ပန်ဆောင်မြို့တို့မှာ ပြီးခဲ့သော အစိုးရလက်ထက်တွင် ဌာနဆိုင်ရာအပြည့်အစုံချပေးပြီး လုပ်ပိုင်ခွင့်များကိုလည်း တာဝန်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဥပမာ အမျိုးသားမှတ်ပုံတင်ဌာနဆိုလို့ရှိရင် မြို့နယ်ရဲ့ နံပါတ်များကို ပေးဆောင်လျက် မှတ်ပုံတင်များကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုအခါ ဌာနဆိုင်ရာများနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များကို လေရှီးမြို့နယ်၊ လဟယ်

မြို့နယ်၊ နန်းယွန်းမြို့နယ်များသို့ သွားရောက် ဆောင်ရွက်နေကြရပါသည်။ ဒေသခံပြည်သူများမှာ ငွေကြေး အခက်အခဲကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု ဝေးကွာခြင်းကြောင့်လည်းကောင်း၊ အခက်အခဲ များကို ရင်ဆိုင်နေရပါသည်။

သို့ဖြစ်ပါ၍ မဖြစ်မနေလိုအပ်သော ဝန်ထမ်းများမှာ စိုက်ပျိုးရေး၊ မွေး/ကု၊ စည်ပင်၊ နတလ၊ လဝက၊ လျှပ်စစ်၊ မီးသတ်၊ သစ်တော၊ လမ်းဦးစီး၊ လယ်စာရင်းစသည့်ဝန်ထမ်းများဟာ နယ်စပ်ဒေသ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုအပ်နေကြောင်း တင်ပြလိုပါတယ်။ မိုပိုင်းလွတ်မြို့၊ ထန်ပါခွေမြို့၊ ဒုံဟီးမြို့ (၃)မြို့မှာ ဌာနဆိုင်ရာအဆောက်အအုံ အခိုင်အမာဆောက်ထားပြီးဖြစ်၍ လိုအပ်နေသော ဝန်ထမ်းများကို ခန့်ပေးနိုင်ရန်နှင့် ပန်ဆောင်မြို့မှာ ဝန်ထမ်းအလုံအလောက် ရှိပါသော်လည်း ဌာနဆိုင်ရာ အဆောက်အအုံမှာ အားလုံးနီးပါး လိုအပ်နေသည်ကို တွေ့ရှိရပါတယ်။ ဆွမ္မရာမြို့မှာ ထွေ/အုပ်ခန်းမ ဆောင်(၁)ခုနှင့် ဒုဦးစီးနေအိမ်(၁)လုံး၊ ဝန်ထမ်းဆောင်တစ်လုံးသာ ဆောက်ထားပြီးဖြစ်၍ ကျန်ဌာနဆိုင်ရာ အဆောက်အအုံမရှိသေးပါ၍ ဆောက်လုပ်ပေးနိုင်ရန်နှင့် လိုအပ်သောဝန်ထမ်းများ ခန့်ထားပေးပြီး ဌာနဆိုင်ရာများ၏ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်(၅၈၅.၉၂)မိုင် ကျယ်ဝန်းပြီးတော့ ရပ်ကွက်(၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု (၉၈)အုပ်စု၊ ကျေးရွာပေါင်း (၄၀၅)ရွာနဲ့ ဖွဲ့စည်းထားရှိပါတယ်။ မောင်တောမြို့နယ် ရဲတပ်ဖွဲ့အနေနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(၁)ရုံး၊ မောင်တောမြို့မ ရဲစခန်းနှင့် တောင်ပြို(ဝဲ) နယ်မြေရဲစခန်းတို့ ဖွင့်လှစ်ထားရှိပါတယ်။ ဒါ့အပြင် မောင်တောမြို့နယ်၊ မြင်းလွှတ် ရဲကင်းစခန်းကို နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့အတွက်နဲ့ ခမောင်းဆိပ်နယ်မြေရဲစခန်း(၁)ခု တိုးချဲ့ဖွင့်လှစ် နိုင်ဖို့အတွက် ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ ပြုလုပ်တဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) အရ ခွင့်ပြုခဲ့ပြီးဖြစ်တဲ့အတွက် ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဦးစွာရှင်းလင်းတင်ပြအပ်ပါတယ်။

အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့အနေနဲ့ မောင်တောမြို့နယ်မှာ အောင်သပြေ၊ ကြိမ်ချောင်း၊ အလယ်သံကျော်၊ အင်းဒင်၊ အောင်ဇူ၊ တောင်ပြို(ယာ)၊ ငါးခူရ၊ ပြင်ဖြူ၊ မကျီးချောင်း စတဲ့ နယ်မြေရဲစခန်း (၉)ခုနဲ့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှ နယ်မြေမှာရှိတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တွေမှာ နယ်မြေရဲစခန်းနှင့် ရဲကင်းစခန်း (၁၆၅)ခု ဖွင့်လှစ်ထားရှိပြီးတော့ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှာ ခွင့်ပြုတဲ့ နယ်မြေရဲစခန်း (၁၆)ခုရှိပြီး ဖြစ်တဲ့အနက် လက်ရှိ (၁၂)ခု ဖွင့်လှစ်ပြီးတော့ (၄)ခုဖွင့်လှစ်ရန် ကျန်ရှိပါတယ်။ နယ်မြေအခြေအနေလိုအပ်ချက်အရ ကျောက်တန်းရဲကင်းစခန်းကို နယ်မြေရဲစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၇) အရ ခွင့်ပြုခဲ့ပြီး ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဘူးသီးတောင်၊ မောင်တောဒေသထဲမှာ ရဲတပ်ဖွဲ့ဝင်အင်အားများ ထပ်မံတိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဥပဒေကို ညှိနှိုင်းပေါင်းစပ် ရေးဆွဲလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ပြည်သူ့စစ်ဖွဲ့စည်းမှုနှင့်ပတ်သက်ပြီးတော့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး လုံခြုံရေး၊ နယ်မြေတည်ငြိမ်ရေး၊ နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့စစ်ဌာနေအဖွဲ့ (၅၉၆)ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ဘူးသီးတောင်နှင့် မောင်တောနယ်မြေတွေမှာတော့ ပြည်သူ့စစ်ဌာနေအဖွဲ့ (၃၄)ဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ပြည်သူ့စစ်ဌာနေအဖွဲ့ (၃၄)ဖွဲ့အနက်က ဗန္ဓုလ၊ တပ်ချောင်း၊ ဝေလာတောင်ကျေးရွာတွေမှာရှိတဲ့ ပြည်သူ့စစ်ဌာနေအဖွဲ့ (၃)ဖွဲ့ကို လက်နက်များ တပ်ဆင်ပေးပြီး လေ့ကျင့်ရေးကျည်များတောင်းခံကာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလကနေ မတ်လအထိ မွမ်းမံသင်တန်းကို ပစ်ခတ်စဉ်ပါ လေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်နေသေးတဲ့ ပြည်သူ့စစ်ဌာနေအဖွဲ့များကိုလည်း လာမယ့်ပွင့်လင်းရာသီမှာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

တပ်မတော်အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့များ၊ ဒေသခံများနှင့်ပူးပေါင်းပြီး ဘူးသီးတောင်နှင့် မောင်တောဒေသတို့မှာ နယ်မြေလုံခြုံရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် နယ်စပ်ဒေသလုံခြုံရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့များနှင့်အတူ တွဲဖက်တာဝန် ထမ်းဆောင်လျက်ရှိကြောင်းနှင့် လတ်တလောမှာ

ပြည်သူ့စစ်ဌာနေအဖွဲ့များ ထပ်မံဖွဲ့စည်းရန် မလိုအပ်သေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ တင်ပြအပ်ပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ မောင်တောမြို့နယ်မှာ မြင်းလွှတ်နယ်မြေရဲစခန်းနှင့် ခမောင်းဆိပ်နယ်မြေရဲစခန်းတို့ကို ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘူးသီးတောင်၊ မောင်တောဒေသမှာ လက်နက်တပ်ဆင်ထားသည့် ပြည်သူ့စစ်ဌာနေအဖွဲ့ (၃)ဖွဲ့အပါအဝင် ပြည်သူ့စစ်ဌာနေ(၃၄)ဖွဲ့ဖြင့် နယ်မြေဒေသလုံခြုံရေး၊ နယ်စပ်ဒေသ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်းပြီး စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (၁)ရုံး၊ ပလက်ဝမြို့မရဲစခန်း၊ ဆမီးနယ်မြေရဲစခန်း၊ သံတောင်နယ်မြေရဲစခန်း၊ ထရွန်အိုင်ရဲစခန်း၊ ဗွီဝုန်းရဲကင်းစခန်း၊ ရှင်းလက်ဝရဲကင်းစခန်းတို့ တည်ရှိပြီး ဖွဲ့စည်းပုံအားဖြင့်ကတော့ စုစုပေါင်း (၂၄၀)ရှိပြီး၊ လက်ရှိမှာ (၁၈၂)ဦးနှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။ ရှင်းလက်ဝရဲကင်းစခန်းကို ပလက်ဝမြို့နယ်၊ ရှင်းလက်ဝအောက်ရွာမှာရှိတဲ့ မြေ(၃.၃၅)ဧကပေါ်မှာ ဖွင့်လှစ်ထားပြီး ဖွဲ့စည်းပုံအရ အရာရှိ(၁)ဦး၊ အခြားအဆင့် (၁၇)ဦး၊ စုစုပေါင်း(၁၈)ဦးရှိပြီးတော့ လက်ရှိမှာတော့ အရာရှိ(၁)ဦး၊ အခြားအဆင့် (၁၆)ဦး၊ စုစုပေါင်း(၁၇)ဦးနှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။

ရှင်းလက်ဝရဲကင်းစခန်းမှာ ချင်းပြည်နယ် ရဲတပ်ဖွဲ့ရဲ့အစီအစဉ်နှင့် ဆောက်လုပ်ခဲ့တဲ့အဆောက်အအုံတွေဟာ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၅ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံတွေဖြစ်ပြီး လက်ရှိအဆောက်အအုံတွေကလည်း ကိုယ့်အားကိုယ်ကိုး အဆောက်အအုံတွေဖြစ်တဲ့အပြင် နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် အစားထိုးဆောက်လုပ်ပေးရန် လိုအပ်ကြောင်းလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ရဲကင်းစခန်း(၁)လုံးနှင့် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးတို့ကို ဦးစားပေးဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိပါတယ်။ သို့ပါ၍ ရှင်းလက်ဝ ကင်းစခန်းအတွက် လိုအပ်လျက်ရှိတဲ့ ရဲကင်းစခန်းရုံး(၁)လုံးနှင့် (၆)ခန်းတွဲ (၂)ထပ် (၁)လုံးတို့ ဆောက်လုပ်ပေးနိုင်ရေးအတွက် လာမယ့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလကနေ စက်တင်ဘာလအထိ သတ်မှတ်ထားတဲ့ မူလဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ရန်ပုံငွေထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက အမြန်ဆုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်

ရှင်းလင်းတင်ပြသွားပါမယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ဟာ ဧရိယာစတုရန်းမိုင် (၈၉၃.၁၄)မိုင် ကျယ်ဝန်းပြီး အရှေ့ဘက်မှာ ချောက်မြို့နယ်နှင့် အနောက်ဘက်မှာ စေတုတ္တရာမြို့နယ်၊ တောင်ဘက်မှာ ပွင့်ဖြူမြို့နယ်၊ မြောက်ဘက်မှာ ဆိတ်ဖြူမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ စလင်းမြို့နယ်မှာ ရပ်ကွက်(၉)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၀)၊ ကျေးရွာပေါင်း(၄၁၅)ရွာ၊ အိမ်ခြေပေါင်း(၅၅၃၅၅)အိမ်၊ အိမ်ထောင်စု(၅၅၆၀၅)စု၊ လူဦးရေအားဖြင့် (၂၃၆၀၃၃)ဦး နေထိုင်လျက်ရှိပါတယ်။ စလင်းမြို့နယ် အတွင်းမှာ နယ်မြေရဲတပ်ဖွဲ့မှူးရုံး(၁)ရုံး၊ စလင်းမြို့မရဲစခန်း၊ ဆင်ဖြူကျွန်းနယ်မြေရဲစခန်း၊ တညောင် နယ်မြေရဲစခန်း၊ လင်းဇင်းနယ်မြေရဲစခန်း၊ ကန်ပြားရဲကင်းစခန်း၊ သရက်တောရဲကင်းစခန်းတို့ ဖွဲ့စည်း တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

လက်ရှိ စလင်းမြို့နယ် ရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံမှာ စုစုပေါင်း(၂၆၇)ဦးရှိပြီး လက်ရှိမှာတော့ (၁၆၆)ဦးနှင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စလင်းမြို့နယ်အတွင်းမှာ မှုခင်းဖြစ်ပွားမှုအခြေအနေလေ့လာကြည့်တဲ့အခါမှာ ၂၀၁၆ ခုနှစ်မှာ အမှုကြီး (၇)မှု၊ အခြားအမှု(၁၆၃)မှုဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ အမှုကြီး(၉)မှုနှင့် အခြားအမှု(၂၁၁)မှု ဖြစ်ပွား ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

စလင်းမြို့မရဲစခန်းရဲ့ဖွဲ့စည်းမှုကတော့ လက်ရှိ အရာရှိ(၁၂)ဦး၊ အခြားအဆင့်(၆၉)ဦး၊ စုစုပေါင်း (၈၁)ဦးရှိပြီး လက်ရှိမှာတော့ အရာရှိ(၇)ဦး၊ အခြားအဆင့်(၆၂)ဦး၊ စုစုပေါင်း (၆၉)ဦးနှင့် နယ်မြေ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စလင်းမြို့မရဲစခန်းအပိုင် နယ်မြေအတွင်းမှာ မှုခင်းဖြစ်ပွားမှုတွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၆ ခုနှစ်မှာ အမှုကြီး(၃)မှု၊ အခြား အမှု(၇၄)မှုဖြစ်ပွားခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်မှာတော့ အမှုကြီး(၇)မှုနှင့် အခြားအမှု(၁၃၇)မှု ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။

စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စုဟာ စလင်းမြို့မရဲစခန်းအပိုင်တွင် တည်ရှိပြီးတော့ ကျေးရွာ(၆)ရွာနဲ့ ဖွဲ့စည်းထားရှိပါတယ်။ လက်ရှိဒေသခံပြည်သူတွေဟာ တောင်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး ကုန်သည်နှင့် ဝန်ထမ်းအချို့လည်း နေထိုင်လျက်ရှိကြပါတယ်။ ဆက်သွယ်ရေး အနေနဲ့ ကတော့ MPT၊ Telenor၊ Ooredoo တယ်လီဖုန်းများလည်း အသုံးပြုနိုင်ပါတယ်။ ဖောင်းလင်း ကျေးရွာ အုပ်စု၊ ဖောင်းလင်းကျေးရွာဟာ စလင်းမြို့မရဲစခန်းနှင့် ရာသီမရွေးသွားလာနိုင်ပြီး ကားဖြင့်သွားလျှင် မိနစ်(၂၀)ခန့်၊ ဆိုင်ကယ်ဖြင့်သွားလျှင် မိနစ်(၃၀)ခန့် ကြာမြင့်ပါတယ်။ ဖောင်းလင်းကျေးရွာ အုပ်စုမှာ မှုခင်းဖြစ်ပွားမှုလေ့လာကြည့်တဲ့အခါမှာ ၂၀၁၆ ခုနှစ်မှာ အမှုကြီး(၁)မှု၊ အခြားအမှု (၅)မှု ဖြစ်ပွားခဲ့ ပြီးတော့ ၂၀၁၇ ခုနှစ်မှာတော့ အမှုကြီးဖြစ်ပွားမှုမရှိဘဲနဲ့ အခြားအမှု(၁၀)မှုသာ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းကျေးရွာတွင် မှုခင်းဖြစ်ပွားမှုအခြေအနေ၊ လူဦးရေအခြေအနေနဲ့ စလင်းမြို့မရဲစခန်းနှင့် ရာသီမရွေးသွားလာနိုင်တဲ့ အခြေအနေများကြောင့် လတ်တလောအခြေအနေမှာ ရဲကင်းစခန်း ဖွင့်လှစ် ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စလင်း

မြို့မရဲစခန်းမှ ထုတ်နုတ်အင်အား အရာရှိ(၁)ဦး၊ အခြားအဆင့်(၅)ဦးနဲ့ ရှာစင်ကျယ်လှည့်ကင်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် မေးမြန်းထားတဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီးမြို့နယ်မှာ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ဆွမ္မရာမြို့နယ်ခွဲ၊ လဟယ်မြို့နယ်မှာ ထန်ပါခွေမြို့နယ်ခွဲနှင့် နန်းယွန်းမြို့နယ်မှာတော့ ဒုံဟီးမြို့နယ်ခွဲ၊ ပန်ဆောင်မြို့နယ်ခွဲတို့နှင့် ဖွဲ့စည်းထားရှိခဲ့ရာမှာ ၂၂-၅-၂၀၁၄ ရက်နေ့မှာတော့ မြို့နယ်ခွဲတွေကို ဖျက်သိမ်းပြီး သက်ဆိုင်ရာမြို့နယ်များရဲ့လက်အောက်မှာ မြို့အဖြစ် ဖွဲ့စည်းထားရှိပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်တွေကတော့ တင်ပြပါအတိုင်း သတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။

မြို့အုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ငန်းတာဝန်တွေကိုတော့ တင်ပြပါအတိုင်း သတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ မြို့အုပ်ချုပ်ရေးမှူးများရဲ့ လုပ်ပိုင်ခွင့်နှင့် ပတ်သက်ပြီးတော့ မြို့အုပ်ချုပ်ရေးမှူးတွေဟာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို တာဝန်ခံပြီး အုပ်ချုပ်ရေးကိစ္စ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ ပေးအပ်သော လုပ်ငန်းတာဝန်များ၊ မြို့အတွင်းရှိ ဌာနဆိုင်ရာများရဲ့ လုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် ညှိနှိုင်းပေါင်းစပ်ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ပေးအပ်တဲ့လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဌာနဆိုင်ရာများရဲ့ လုပ်ပိုင်ခွင့်နှင့်ပတ်သက်လို့ကတော့ သက်ဆိုင်ရာမြို့တွေမှာ ဖွင့်လှစ်ထားတဲ့ ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်၊ မိုပိုင်းလွတ်မြို့နယ်၊ ဆွမ္မရာမြို့ (၂)မြို့ပါဝင်ပါတယ်။ မိုပိုင်းလွတ်မှာတော့ ဌာန(၁၇)ခု ရှိပြီးတော့ ရုံးအဆောက်အအုံရှိသော ဌာန(၁၀)ခုနှင့် ရုံးအဆောက်အအုံ မရှိသော ဌာန(၇)ခု ရှိပါတယ်။ ဝန်ထမ်းခန့်အပ်မှုကတော့ တင်ပြထားတဲ့အတိုင်း ခန့်အပ်ထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

ရုံးအဆောက်အအုံ မရှိတဲ့ ဌာန(၇)ခုအနက်က (၆)ခုဟာ ဝန်ထမ်းအိမ်ရာတွေမှာ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဦးစီးဌာနကတော့ လုပ်ငန်းဆောင်ရွက်ရန်ရှိပါက မိုပိုင်းလွတ်မြို့မှာ ဆောင်ရွက်ပြီးတော့ လုပ်ငန်းမရှိတဲ့အချိန်မှာတော့ လေရှီးမြို့မှာ ပြန်လည်အခြေပြု ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဆွမ္မရာမြို့မှာတော့ ဌာန(၁၃)ခုရှိပြီး ရုံးအဆောက်အအုံရှိတဲ့ ဌာန(၉)ခုနှင့် ရုံးအဆောက်အအုံမရှိသော ဌာန(၄)ခုရှိပါတယ်။ ဌာနအလိုက် ရုံးဝန်ထမ်းခန့်အပ်ထားရှိမှုကိုတော့ တင်ပြပါအတိုင်း ခန့်အပ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရုံးအဆောက်အအုံမရှိတဲ့ ဌာန(၄)ခုအနက်ကနေ (၃)ခုဟာ ဝန်ထမ်းအိမ်ရာများမှာ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဦးစီးဌာနဟာ လုပ်ငန်းဆောင်ရွက်ရန်ရှိတဲ့အချိန်မှာ ဆွမ္မရာမြို့မှာဆောင်ရွက်ပြီး လုပ်ငန်းမရှိတဲ့အချိန်မှာတော့ လေရှီးမြို့မှာ ပြန်လည်အခြေပြုပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရုံးအဆောက်အအုံမရှိတဲ့ ဌာန(၄)ခုအနက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းကောင်း၊ မြို့လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

လဟယ်မြို့နယ်မှာတော့ ထန်ပါခွေမြို့မှာ ဌာန(၁၆)ခုရှိပြီးတော့ ရုံးအဆောက်အအုံရှိတဲ့ဌာန(၈)ခုနှင့် ရုံးအဆောက်အအုံမရှိသော ဌာန(၈)ခု ရှိပါတယ်။ ဝန်ထမ်းခန့်အပ်မှုကတော့ တင်ပြပါအတိုင်း ခန့်အပ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရုံးအဆောက်အအုံမရှိတဲ့ ဌာန(၈)ခုအနက်က (၇)ခုဟာ ဝန်ထမ်းအိမ်ရာတွေမှာ ဖွင့်လှစ်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးဟာ လုပ်ငန်းဆောင်ရွက်ရန်ရှိပါက ထန်ပါခွေမြို့မှာ ဆောင်ရွက်ပြီးတော့ လုပ်ငန်းမရှိတဲ့ အချိန်မှာတော့ လဟယ်မြို့မှာ ပြန်လည်အခြေပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ရုံးအဆောက်အအုံ မရှိတဲ့ ဌာန(၈)ခုအနက် စည်ပင်သာယာရေးရုံး အဖွဲ့ရုံး ဆောက်လုပ်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံထားရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ် ဖြေကြားချက်အရ တင်ပြအပ်ပါတယ်။

ဒါ့အပြင် နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နှင့် ပန်ဆောင်မြို့ (၂)မြို့တို့ ပါဝင်ပါတယ်။ ဒုံဟီးမှာတော့ ဌာန(၁၅)ခုရှိပြီး ရုံးအဆောက်အအုံရှိတဲ့ ဌာန(၁၁)ခုနှင့် ရုံးအဆောက်အအုံမရှိတဲ့ ဌာန(၄)ခုရှိပါတယ်။ ဝန်ထမ်းခန့်အပ်မှုကတော့ တင်ပြပါအတိုင်း ခန့်အပ်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရုံးအဆောက်အအုံ မရှိတဲ့ ဌာန(၄)ခုအနက်က (၃)ခုဟာ ဝန်ထမ်းအိမ်ရာတွေမှာ ရုံးဖွင့်ပြီးတော့ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကတော့ လုပ်ငန်းဆောင်ရွက်ရန်ရှိလို့ရှိရင် ဒုံဟီးမှာ လာရောက်ဆောင်ရွက်ပြီး လုပ်ငန်းမရှိတဲ့အချိန်မှာတော့ နန်းယွန်းမှာ ပြန်လည်အခြေပြု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ပန်ဆောင်မြို့မှာတော့ ဌာန(၁၆)ခုရှိပြီး ဌာနအားလုံးဟာ ရုံးအဆောက်အအုံရှိကြောင်းနှင့် ဝန်ထမ်းခန့်အပ်မှုကတော့ တင်ပြပါအတိုင်း ခန့်အပ်ထားရှိပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တွေမှာ ပါဝင်တဲ့ မိုပိုင်းလွတ်၊ ဆွမ္မရာ၊ ထန်ပါခွေ၊ ဒုံဟီး၊ ပန်ဆောင်မြို့များမှာ ၂၀၀၂ ခုနှစ်မှစပြီး မြို့နယ်ခွဲအဖြစ် ဖွဲ့စည်းခဲ့ရာကနေ ၂၀၁၄ ခုနှစ်မှာတော့ မြို့နယ်ခွဲတွေကို မြို့အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့တဲ့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို တာဝန်ခံပြီး မြို့အုပ်ချုပ်ရေးမှူးများမှာ အုပ်ချုပ်ရေးကိစ္စ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အခြားဌာနဆိုင်ရာဝန်ထမ်းများကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ အစီအစဉ်နှင့် တင်ပြခဲ့တဲ့အတိုင်း တာဝန်ပေးခန့်အပ်ထားပြီးဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

လိုအပ်လျက်ရှိတဲ့ ရုံးအဆောက်အအုံတွေကိုတော့ အထက်မှာဖော်ပြခဲ့တဲ့ ရုံး(၄)ရုံးကိုတော့ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များအလိုက် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ

အဖွဲ့တို့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ ဗန်းမော်လေယာဉ်ကွင်းတွင် လေဆိပ်ပင်မအဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP အဆောက်အအုံတို့မှာ ဟောင်းနွမ်းနေ၍ ခေတ်မီခန့်ညားလှပသည့် အဆောက်အအုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင် က ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ ဗန်းမော်လေယာဉ်ကွင်းတွင် လေဆိပ်ပင်မအဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP အဆောက်အအုံတို့မှာ ဟောင်းနွမ်းနေ၍ ခေတ်မီခန့်ညားလှပသည့် အဆောက်အအုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ ဗန်းမော် လေယာဉ်ကွင်းတွင် လေဆိပ်ပင်မအဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP အဆောက်အအုံတို့မှာ ဟောင်းနွမ်းနေ၍ ခေတ်မီခန့်ညားလှပသည့် အဆောက်အအုံအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီ မေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းပြချက်များကို ကျွန်တော် အနည်းငယ်တင်ပြပါမယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ဗန်းမော်မြို့ဟာ ကချင်ပြည်နယ်ရဲ့ ဒုတိယမြို့တော်ဖြစ်ပါတယ်။ ဗန်းမော်လေဆိပ်ဟာ ဧက (၂၂၀.၅၆)ဧကရှိပြီး (၇၅၀၀x၁၀၀)ပေ ရှိတဲ့ လေယာဉ်ပြေးလမ်းလည်း ရှိပါတယ်။ လေဆိပ်ပင်မအဆောက်အအုံ Terminal Building ဟာ (၁၀၀x၄၀)ပေသာရှိပြီး ခန့်မှန်း ၁၉၇၀ခုနှစ်ခန့်က ဆောက်လုပ်ထားသဖြင့် နှစ်ပေါင်း (၄၀)မျှရှိသော အဆောက်အအုံ ဖြစ်ပါတယ်။ အဆောက်အအုံအတွင်းပိုင်းများမှာလည်း ပျက်စီးနေပါတယ်။ လေဆိပ်ပင်မအဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP

အဆောင်မှာ သီးခြားဖြစ်နေပြီး အဆိုပါ ရှင်းလင်းဆောင်မှာ ၂၀၀၆ ခုနှစ်ကတည်းက လေယာဉ်ပြေးလမ်းတိုးချဲ့ ထပ်ပိုးလွှာ ခင်းခဲ့သော ကုမ္ပဏီမှ ရှင်းလင်းဆောင်အဖြစ် အသုံးပြုခဲ့ပြီး လေကြောင်းပို့ဆောင်ရေးဌာနသို့ လွှဲအပ်ခဲ့သော အဆောက်အအုံကို VIP အဆောက်အအုံအဖြစ် အသုံးပြုနေခြင်း ဖြစ်ပါတယ်။ ဗန်းမော်လေဆိပ်ကို တစ်ပတ်လျှင် (၅)ရက်နှုန်းဖြင့် တစ်လလျှင် အကြိမ်(၅၀)ခန့် ဗန်းမော်-မန္တလေး၊ ဗန်းမော်-မြစ်ကြီးနား၊ ဗန်းမော်-ရန်ကုန်၊ ဗန်းမော်-ပူတာအိုမြို့များသို့ Asian Wings လေကြောင်းလိုင်း၊ မန်းရတနာပုံ လေကြောင်းလိုင်း၊ မြန်မာအမျိုးသားများ လေကြောင်းလိုင်းများဖြင့် ပြေးဆွဲပျံသန်းနေပါတယ်။

ဒီလိုလေကြောင်းလိုင်းဖြင့် ခရီးသွားပြည်သူများ များပြားသော်လည်း လက်ရှိ လေဆိပ်ပင်မအဆောင်နှင့် ရှင်းလင်းဆောင် VIP ဆောင်များမှာ အတွင်းခန်းများ ပျက်စီးနေခြင်း၊ ရေအိမ်များ မကောင်းတော့ခြင်း၊ ခရီးသည်များ သက်တောင့်သက်သာ ထိုင်နိုင်ခြင်းမရှိပါသဖြင့် ယခုကဲ့သို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဗန်းမော်လေယာဉ်ကွင်းရှိ လေဆိပ်ပင်မအဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP အဆောက်အအုံအား ခေတ်မီခန့်ညားလှပသည့် အဆောက်အအုံအဖြစ် ဆောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ဆက်သွယ်ရေး ကောင်းမွန်စေရန်၊ ရေသယံဇာတ ဆုံးရှုံးနေမှုများကို ကာကွယ်ရန်နှင့် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် (GSM) ဖုန်းဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ဆက်သွယ်ရေး ကောင်းမွန်စေရန်၊ ရေသယံဇာတ ဆုံးရှုံးနေမှုများကို ကာကွယ်ရန်နှင့် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် (GSM) ဖုန်းဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ တနင်္သာရီကမ်းမြောင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကျွန်းစုမြို့နယ်အတွင်းရှိ ဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ရေသယံဇာတ ဆုံးရှုံးမှုများကို ကာကွယ်စေရန် ဒေသတွင်းခရီးသွားလုပ်ငန်း မြှင့်တင်ရန်အတွက် (GSM) ဖုန်းတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်းစုမြို့ရဲ့ အနောက်ဘက်ဟာ အင်တမံပင်လယ်နှင့် ဆက်စပ်နေတဲ့အတွက်ကြောင့် ရေလမ်း

ကြောင်းမှတစ်ဆင့် ပြည်ပခိုးဝင် ငါးဖမ်းလှေများ ပြည်တွင်းမှ စည်းကမ်းမဲ့ ကမ်းဝေး ငါးဖမ်းလှေများ၊ သယံဇာတခိုးထုတ်သော သစ်ခိုးလှေများဟာ ၎င်းလမ်းကြောင်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ဆက်သွယ်ဝင်ထွက်သော အဓိကရေလမ်းကြောင်းကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်းစုမြို့နယ်အတွင်းနှင့် တနင်္သာရီကမ်းမြောင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာအုပ်စုများဟာ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ကြရာမှာ ဆက်သွယ်ရေးဖုန်းတာဝါတိုင်များ၊ ကမ်းမြောင်ဒေသ ကျေးရွာအုပ်စုမြို့နယ်အတွင်း ဆက်သွယ်ရေးဆက်ကြောင်းများနဲ့ လွှမ်းခြုံမှုမရှိတဲ့အတွက်ကြောင့် ပြည်သူများရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များ များစွာ နှောင့်နှေးလျက်ရှိပါတယ်။

ထို့အပြင် ကမ်းဝေးငါးဖမ်းလှေများရဲ့ တရားမဝင် စည်းကမ်းမဲ့ ကမ်းနီးငါးဖမ်းခြင်းကြောင့် ကျွန်းစုပင်လယ်ရွာများမှ ဒေသခံများ၏ ရေလုပ်ငန်းများမှာလည်း တစ်နေ့ထက်တစ်နေ့ စီးပွားရေးအဆင်မပြေမှုများနှင့် ရင်ဆိုင်နေကြရပါတယ်။ အဲဒီရဲ့ အကျိုးဆက်တွေကြောင့် ပင်လယ်ကျေးရွာများမှ စီးပွားပျက်ဒေသခံများဟာ နီးစပ်ရာ ထိုင်းနိုင်ငံသို့ လူဦးရေစိမ့်ထွက်ကာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်နေကြရပါတယ်။ အလျဉ်းသင့်လို့ တင်ပြရရင် နောက်ဆုံးရတဲ့ သတင်းအချက်အလက်အရ နိုင်ငံခြား ကမ်းဝေးငါးဖမ်းလှေပုံစံတူ ဝါလပ်အစီး (၂၀၀)ဟာ မြန်မာ့ရေပြင်မှာ တရားမဝင် ဝင်ရောက်ဖမ်းဆီးနေပါတယ်။ ကျွန်းစုဒေသဟာ ကျွန်းများပေါ်များတဲ့အတွက်ကြောင့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များဟာ လှပတဲ့ အပျိုစင်ကျွန်းများ၊ သဲသောင်များနှင့် မော်ကင်း (ခ) ဆလုံလူမျိုး အများစုရဲ့ ကျေးရွာများသို့ နှစ်စဉ်လာရောက်လည်ပတ်ကြပါတယ်။ ကျွန်းစုဒေသဟာ ခရီးသွားလုပ်ငန်းများ တိုးတက်လာတာနှင့်အမျှ ခရီးသွားများရဲ့ လုံခြုံရေး၊ အရေးပေါ် ကူညီ ကယ်ဆယ်ရေးအတွက် ဖုန်းဆက်သွယ်ရေး များစွာ လိုအပ်လှပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေးဥပဒေရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ အခန်း(၂)၊ ပုဒ်မ ၄(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း၊ ပုဒ်မ ၄(ဂ)ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူ အသုံးပြုနိုင်သည့် ဆက်သွယ်ရေး အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန်အတွက်လည်းကောင်း၊ အခန်း(၁၅)၊ ပုဒ်မ ၅၃၊ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခွင့်ရှိစေရန်အတွက် နိုင်ငံအတွင်းမှာရှိတဲ့ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည့် နယ်မြေများတွင် အခြေခံဆက်သွယ်ရေးအဆောက်အအုံ တိုးချဲ့နိုင်စေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များအား ချမှတ်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၅၄၊ ဝန်ကြီးဌာနသည် အများပြည်သူ အကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းရေးအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆက်သွယ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိရမည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။

အကယ်၍သာ ကျွန်းစုဒေသမှာ ဆက်သွယ်ရေးတာဝါတိုင်များ ဆက်ကြောင်းတစ်လျှောက် စိုက်ထူရန် ဝန်ကြီးဌာနမှ လမ်းညွှန်ပေးနိုင်မည်ဆိုပါက ရှေ့မှာတင်ပြခဲ့တဲ့ ပြည်ပခိုးဝင် ကမ်းဝေးငါးဖမ်းလှေများ၊ ပြည်တွင်းမှ စည်းကမ်းမဲ့ ကမ်းဝေးငါးဖမ်းလှေများ၊ ပြည်တွင်းမှ သယံဇာတ ခိုးထုတ်သော

သစ်ခိုးလှေများကို ဒေသခံပြည်သူများက သက်ဆိုင်ရာသို့ ဖုန်းဖြင့် သတင်းပေးပို့နိုင်မှာဖြစ်ပြီး ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုဖြင့် အထိုက်အလျောက် သယံဇာတများ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ခရီးသွားများ၏ လုံခြုံရေး၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် ဆက်သွယ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ကျွန်းစုဒေသခံပြည်သူများရဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုသည်မှာ တနင်္သာရီကမ်းမြောင်ဒေသအတွင်းမှာရှိတဲ့ ကျွန်းစုဒေသ၊ ကျွန်းစုမြို့နယ်အတွင်းမှာ ဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ရေသယံဇာတ ဆုံးရှုံးခြင်းများကို ကာကွယ်ရန် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း MPT၊ TELENOR နှင့် OOREDOO တို့မှဆောင်ရွက်ပေးလျက်ရှိသော GSM မိုဘိုင်းဆက်သွယ်ရေးစခန်းများ အခြေပြမြေပုံကြမ်း မြင်ကွင်းပုံ (၃)




**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကချင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ၏

ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရှိ ဗန်းမော်လေယာဉ်ကွင်းတွင် လေဆိပ်ပင်မ အဆောက်အအုံနှင့် ရှင်းလင်းဆောင် VIP အဆောက်အအုံတို့မှာ ဟောင်းနွမ်းနေ၍ ခေတ်မီခန့်ညားလှပတဲ့ အဆောက်အအုံအသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ ဗန်းမော်လေယာဉ်ကွင်းရဲ့ မူလ (၅၅၀၀x၁၀၀)ပေ လေယာဉ်ပြေးလမ်းကို (၇၅၀၀x၁၀၀)ပေ ရရှိသည်အထိ တိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်၍ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ်(၆၈၈၈.၇၃၈)သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ လေဆိပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများကို ၂၀၀၅-၂၀၀၆ ခုနှစ်နှင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်များမှာ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းကျပ်(၁၃၅.၈၇)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဖော်ပြသွားတဲ့ လက်ရှိ (၁၀၀x၄၀)ပေ ခရီးသည်အဆောက်အအုံကို ၁၉၈၈ ခုနှစ်မတိုင်မီကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး VIP အဆောင်အဖြစ် အသုံးပြုလျက်ရှိတဲ့ အဆောက်အအုံမှာတော့ လေယာဉ်ပြေးလမ်းတိုးချဲ့စဉ်က တည်ဆောက်အသုံးပြုခဲ့တဲ့ ရှင်းလင်းဆောင်ကို မွမ်းမံပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်မှာ မြစ်ကြီးနားလေဆိပ်၊ ပူတာအိုလေဆိပ်နှင့် ဗန်းမော်လေဆိပ်များသို့ လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိတဲ့နေရာမှာ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် နှစ်စဉ် ခရီးသည် အဝင်/အထွက်မှာလည်း ပိုမိုတိုးတက်လာခဲ့ပါတယ်။ မြစ်ကြီးနားလေဆိပ်၌ ၂၀၁၄ ခုနှစ်မှာ စုစုပေါင်း ခရီးသည် အဝင်/အထွက် (၂၁၃၅၂၂)ဦးရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ (၂၅၆၀၅၇)ဦးအထိ တစ်နှစ်ပျမ်းမျှ (၆.၄၇) ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပူတာအိုလေဆိပ်မှာ ၂၀၁၄ ခုနှစ်မှာ စုစုပေါင်း ခရီးသည် အဝင်/အထွက် (၅၉၃၆၅)ဦး ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ (၇၅၈၄၆)ဦးအထိ တစ်နှစ်ပျမ်းမျှ (၈.၈၅) ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ဗန်းမော်လေဆိပ်၌ ၂၀၁၄ ခုနှစ်မှာ စုစုပေါင်း ခရီးသည်အဝင်အထွက် (၂၇၃၃၁)ဦး ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ (၂၈၄၁၁)ဦးအထိ တစ်နှစ်လျှင် ပျမ်းမျှ(၁.၄) ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး တိုးတက်လာခဲ့တာ တွေ့ရှိရပါတယ်။ ခရီးသည်အဝင်အထွက် အများဆုံးဖြစ်တဲ့ မြစ်ကြီးနားလေဆိပ်မှာ လေဆိပ်အဆောက်အအုံအသစ် တည်ဆောက်ခြင်း၊ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် (၅၄၀၀.၀၄၅)သန်း အသုံးချ၍ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ထို့အတူ ခရီးသည် အဝင်/အထွက် ဒုတိယအများဆုံးဖြစ်တဲ့ ပူတာအိုလေဆိပ်မှာလည်း လေဆိပ်အဆောက်အအုံကို အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့် လေဆိပ်ဆက်စပ်လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တို့မှာ စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် (၅၁၉.၉၉၅)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားခဲ့သလို ပြည်တွင်းလေကြောင်းလိုင်းများဖြစ်တဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင်(၆)ကြိမ်၊ Asian Wings လေကြောင်းလိုင်းမှ တစ်ပတ်လျှင် (၃)ကြိမ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ စင်းလုံးငှား ခရီးစဉ်များ ပြေးဆွဲခဲ့ရာမှ ယခုအခါတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင်

(၅)ကြိမ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲလျက် ရှိပါတယ်။ ကျွန်တော်တို့ ပြေးဆွဲလျက်ရှိတဲ့နေရာမှာ လက်ရှိ လေဆိပ်အဆောက်အအုံ ဧရိယာနှင့် ဝင်ထွက်နေတဲ့ ခရီးသည် ဦးရေမှာ လုံလောက်မှု ရှိနေသေးကြောင်း တွေ့ရှိရပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဦးစားပေးအဆင့်အလိုက် ဖွံ့ဖြိုးရေး ဆောင်ရွက်နေရတဲ့ ပြည်တွင်းလေဆိပ် (၃၁)ကွင်း ရှိပါတယ်။ ရန်ပုံငွေ ခွင့်ပြုချက်ဘောင်အတွင်းမှ ဘေးကင်းလုံခြုံရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နှစ်စဉ် သုံးစွဲနေရတဲ့ ခွင့်ပြုရန်ပုံငွေအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၁၁၃၈၃)သန်း၊ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၃၆၅၃.၇၅)သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၁၅၀၂.၂)သန်း အသီးသီးဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာကာလအတွက် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ဇန်းမော်လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေထည့်သွင်းလျာထားခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

ဇန်းမော်လေဆိပ်မှ အသုံးပြုလျက်ရှိတဲ့ ခရီးသည်အဆောက်အအုံနှင့် VIP အဆောက်အအုံ တို့အား ငွေလုံးငွေရင်း ရန်ပုံငွေတွင် အသစ်တည်ဆောက်ခြင်းအတွက် ထည့်သွင်းလျာထားခြင်း မရှိ သော်လည်း လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အကြီးစား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးသွားမှာဖြစ်ပြီး ဇန်းမော်လေဆိပ်ရဲ့ ခရီးသည်ဝင်ထွက်မှုနှုန်း ယခုထက် ပိုမိုတိုးတက်လာသည့် အချိန်မှာ VIP အဆောက်အအုံ အပါအဝင် လေဆိပ်ခရီးသည် အဆောက်အအုံအသစ် တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ရန်ပုံငွေထည့်သွင်းလျာထား၍ ခွင့်ပြုချက်ရရှိသည့် ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ဆက်သွယ်ရေး ကောင်းမွန် စေရန်၊ ရေသယံဇာတ ဆုံးရှုံးနေမှုများကို ကာကွယ်ရန် ဒေသတွင်းခရီးသွား လုပ်ငန်းမြှင့်တင်ရန်အတွက် GSM ဖုန်းဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တနင်္သာရီ တိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ အမှတ်(၂)ရပ်ကွက်၊ ထိန်ချောင်းရွာ၊ မောင်းလှော်ကျေးရွာ၊ ပန်းဇင်ကျေးရွာ၊ ပဲ့တိုင်ကျေးရွာ၊ စခန်းသစ်ကျွန်းနဲ့ ကံမော်ကျွန်းတို့မှာ GSM စခန်း(၁)ခုစီနှင့် ပထော်ကျွန်းမှာ GSM စခန်း(၂)ခု၊ စုစုပေါင်း GSM စခန်း(၉)ခုကို ဖွင့်လှစ်ထားရှိပြီး မိုဘိုင်းဆက်သွယ် ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းတွင် GSM စခန်း(၁)ခု၊ ကံမော်ကျွန်းမှာ GSM စခန်း(၂)ခုနှင့် ပန်းခေါင်းကျွန်းမှာ GSM စခန်း(၁)ခု၊ စုစုပေါင်း

GSM စခန်း(၄)ခုကို ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်မှာ ပြီးစီးမှာဖြစ်ပါတယ်။ တယ်လီနောမြန်မာလီမိတက်အနေဖြင့်လည်း ကျွန်းစုမြို့နယ်အတွင်းရှိ ပြင်ကြီးကျေးရွာတွင် GSM စခန်း(ခ)ခု၊ အမှတ်(၃)ရပ်ကွက်မှာ GSM စခန်း(၁)ခုနဲ့ ပထက်ကျေးရွာမှာ GSM စခန်း(၁)ခု၊ စုစုပေါင်း GSM စခန်း(၃)ခုကို တည်ဆောက်ထားရှိပြီး မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူပဲ အော်ရီဒူးမြန်မာလီမိတက်အနေနဲ့ ကျွန်းစုမြို့နယ်အတွင်းရှိ အမှတ်(၂)ရပ်ကွက်မှာ GSM စခန်း(၁)ခု၊ သယ်န်းရှောင်ကျေးရွာမှာ GSM စခန်း(၁)နှင့် ပထက်ကျေးရွာမှာ GSM စခန်း(၁)ခု၊ စုစုပေါင်း GSM စခန်း(၃)ခုကို တည်ဆောက်ထားပြီး မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖော်ပြပါ ဆက်သွယ်ရေးအော်ပရေတာများမှ ဖွင့်လှစ်ထားတဲ့ GSM စခန်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီမှာကတော့ ကျွန်တော်တို့ စောစောကရှေးကတင်ပြသွားတဲ့ MPT စိုက်ထူဖွင့်လှစ်ထားတဲ့ စခန်းတွေကို အဝါရောင်ဖြင့်လည်းကောင်း၊ နောက် MPT က ဆောင်ရွက်ဆဲစခန်းတွေကို အစိမ်းရောင်ဖြင့်လည်းကောင်း၊ တယ်လီနောစခန်းတွေကို အပြာရောင်ဖြင့်လည်းကောင်း၊ အော်ရီဒူးစခန်းတွေကို အနီရောင်ဖြင့်လည်းကောင်း ဖော်ပြထားပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ကျိုးကြောင်းဖော်ပြချက်မှာ ဆောင်ရွက်ပေးစေလိုတဲ့ ကျေးရွာအုပ်စုများကိုတော့ကြယ်ပွင့်များနှင့် ကျွန်တော် ဖော်ပြထားတာဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တယ်လီနောနှင့်အော်ရီဒူးတို့အနေနဲ့ နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များကို တည်ဆောက်ဖွင့်လှစ်ပေးလျက် ရှိတဲ့နေရာမှာ လိုအပ်မယ့်ရင်းနှီးမြှုပ်နှံမှု၊ ဆက်စပ်နေတဲ့ မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု စတဲ့ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်တည်ဆောက်နိုင်မယ့် အခြေအနေ၊ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊ ပထဝီအသွင်အပြင်နှင့် မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေတို့ဖြင့် လူဦးရေသိပ်သည်းဆကိုလည်း ထည့်သွင်းတွက်ချက် ဆောင်ရွက်ရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျေးရွာအုပ်စု(၉)ခုတို့မှာ မိုဘိုင်းဆက်သွယ်ရေး စခန်းများကို လောလောဆယ်တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ ထည့်ဝင်ငွေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးမှု နောက်ကျနေသည့် နယ်မြေဒေသများသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးချဲ့တည်ဆောက်သွားနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ဆက်သွယ်ရေးဥပဒေပုဒ်မ အခန်း(၁၅) ဥပဒေ ပုဒ်မ ၅၃၊ ၅၄၊ ၅၅ တို့နှင့်အညီ Universal Service Fund လို့ခေါ်တဲ့ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းရေးဆိုင်ရာ ရန်ပုံငွေကို ထူထောင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ ရန်ပုံငွေထူထောင်ပြီးပါက သတ်မှတ်ချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျေးရွာအုပ်စုများကဲ့သို့ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှု မရှိသေးတဲ့နေရာ ဒေသများသို့ ဦးစားပေးအဆင့်အလိုက် ဆက်သွယ်မှု ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ်(၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ ပြင်ဆင်ချက်နှင့် တင်သွင်းလာတဲ့ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့မှ ပြင်ဆင်ဖြည့်စွက်ချက်များကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြင်ဆင်ဖြည့်စွက်ချက်များကို မဆွေးနွေးခင်မှာ ကျွန်မအနေနှင့် အခုတင်ပြလာတဲ့ မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေဟာ လက်ရှိနှင့် အနာဂတ်မှာ တိုးတက်ဖွံ့ဖြိုးလာမယ့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍကို နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား National Interest ဒေသခံပြည်သူတွေနှင့် ဌာနေတိုင်းရင်းသားတွေရဲ့ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းတဲ့၊ တိကျတဲ့၊ လုံလောက်တဲ့ ဖွဲ့စည်းပုံတွေ နောက် ဥပဒေပြဋ္ဌာန်းချက်တွေ များစွာ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီအပြင် အိမ်နီးချင်းဒေသတွေမှာရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ခရီးသွားလုပ်ငန်း ဥပဒေနှင့် နှိုင်းယှဉ်ကြည့်တဲ့အခါမှာလည်း လိုအပ်ချက်တွေ များစွာတွေ့ရှိရတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီဥပဒေကြမ်းဟာဆိုလို့ရှိရင် အသစ်ထပ်မံရေးဆွဲသော်လည်းကောင်း၊ သို့မဟုတ် ပြင်ဆင်ဖြည့်စွက်မှုများစွာလုပ်ရမယ့် ဥပဒေဆိုတာကို ကျွန်မအနေနဲ့ အကြံပြု ဆွေးနွေးလိုပါတယ်။

ဆက်လက်ပြီးတော့မှ ကျွန်မအနေနဲ့ အခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်လာတဲ့ အပိုဒ်များနှင့်ပတ်သက်ပြီးတော့မှလည်း ဖြည့်စွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနှင့် အဓိကပြင်ဆင်လိုတာကတော့ အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဗ)(ဘ)၊ အခန်း(၃)၊ ပုဒ်မ ၅(ဆ)၊ အခန်း(၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)(ဇ)၊ အခန်း(၅)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)၊ အခန်း(၆)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)(ခ)(ဇ)(ဈ) တို့ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်တဲ့နေရာမှာ ကျွန်မအနေနဲ့ ဥပဒေရဲ့ရေးထုံး ရှေ့နောက် ကိုက်ညီမှုရှိစေရန်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီမှုရှိစေရန်ကိုပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူသဘော ပြောင်းလဲရမှာတွေကို ဆွေးနွေးထားခြင်းမရှိပါဘူးရှင်။ အချိန်အလုံအလောက် မရလို့ ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ ကျွန်မကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ Power Point ပြပေးပါ။

အခန်း(၁)၊ ပုဒ်မ ၂ မှာဆိုရင် သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုသည်မှာ သက်ရှိနှင့် သက်မဲ့ ဝန်းကျင်တို့ ဆက်နွယ်နေသော ဂေဟစနစ်ဖြစ်စဉ်ကို လေ့လာပြီး ဒေသခံများ၏ လူမှုအကျိုးစီးပွားကို တိုးတက်စေသော ခရီးသွားလုပ်ငန်းကိုဆိုသည် ဆိုပြီးတော့ ကျွန်မအနေနှင့် အသစ်ဖြည့်စွက်ထားပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကတော့ ဒီ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ လက်ရှိနှင့် အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်လာမယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း Eco Tourism ကို ရည်ရွယ်ပြီးတော့သော်လည်းကောင်း၊ အခန်း(၃)၊ အခန်း(၄)၊ အခန်း(၅)တွေမှာ ကော်မတီများနှင့် လုပ်ပိုင်ခွင့်တွေမှာ ဒီ အဓိပ္ပာယ်အတိုင်း ဖွဲ့ဆိုထားတာ ဒါကို ကျွန်မအနေနဲ့ သဘာဝအခြေခံခရီးသွား လုပ်ငန်းဆိုတဲ့ အဓိပ္ပာယ်ကို ဖွဲ့ဆိုချင်လို့ပဲ ဖြစ်ပါတယ်။ နောက်(၂)ကတော့ တာဝန်သိ ခရီးသွားလုပ်ငန်း Responsible Tourism မှာလည်း ဒီအတိုင်းပါပဲ။ ခုနတုန်းက လုပ်ပိုင်ခွင့်တွေမှာဆိုရင် ဒီဟာနှင့် ပတ်သက်ပြီးတော့မှ ဖော်ပြထားပါတယ်။

ဒါပေမယ့်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒါကို မဖော်ပြတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ အခန်း(၃) ၅(ဆ)မှာ ဆိုလို့ရှိရင် ယဉ်ကျေးမှုဆိုင်ရာ ကျွန်မအနေနဲ့ သဘာဝပတ်ဝန်းကျင်နှင့်ဆိုတာကို ထပ်မံပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ဒါဘာလဲဆိုရင် အပိုဒ်ခွဲ (ဆ)မှာ ဖော်ပြထားချက်နှင့် ကိုက်ညီမှု ရှိစေဖို့ပဲ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဆ)မှာဆိုလို့ရှိရင်တော့ ကျွန်မ နိုင်ငံတစ်ဝန်းဆိုတာကို ဖြည့်ချင်ပါတယ်။ အဲဒါဘာလဲဆိုရင် ပုဒ်မ ၇၊ အပိုဒ်ခွဲ (စ)မှာလည်း ဖော်ပြ ထားချက်နှင့် ကိုက်ညီမှု ရှိစေဖို့ ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇(ဇ) ဒီမှာဆိုလို့ရှိရင် နိုင်ငံတစ်ဝန်း ခရီးသွားဒေသ သို့သော် အခန်း(၂)(ဃ)မှာဆိုလို့ရှိရင် ခရီးစဉ် ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆိုထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိစေဖို့ပဲ ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၉(၃) ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ ဆိုတဲ့နေရာမှာ ကျွန်မအနေနဲ့ ဒေသခံခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များကို ဆိုလိုချင်လို့ ဖြစ်ပါတယ်။

အခန်း(၆)(၁၁)(က)ကတော့ ဒီမှာဆိုလို့ရှိရင် ပုဒ်မ ၂(ဒ)မှာဆိုလို့ရှိရင် ခရီးသွားလုပ်ငန်း ကော်မတီ ဆိုပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပေးထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ လုပ်ငန်းကော်မတီဆိုတဲ့နေရာမှာ ခရီးသွားလုပ်ငန်းကော်မတီဆိုတာကို ထပ်မံဖြည့်စွက်ချင်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁(ခ)မှာ ဆိုလို့ရှိရင်လည်း နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများလို့ ရေးထားပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဒါပေမယ်လို့ အခန်း(၉)၊ အပိုဒ် ၁၂(ခ)မှာ ဆိုလို့ရှိရင်တော့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆိုပြီးတော့မှ ဝန်ဆောင်မှုများ ပေးနိုင်စေရေးဆိုပြီး ဖော်ပြထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အဲဒါနှင့် ကိုက်ညီမှုရှိစေဖို့အတွက် ကျွန်မအနေနဲ့ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ ဆိုပြီးတော့မှ ပြင်ဆင်လိုတာဖြစ်ပါတယ်။

နောက် အခန်း(၆)၊ ပုဒ်မ ၁၁ (ဇ)မှာဆိုလို့ရှိရင် ခရီးသွားလုပ်ငန်းမှာလည်း။ ဒီမှာလည်း အဲလိုပါပဲ၊ သုတေသနပြုလုပ်ခြင်း၊ လေ့လာခြင်း၊ စာတမ်းပြုစုခြင်းလို့ ဖော်ပြထားတာကို ကျွန်မအနေနဲ့ သုတေသန ပြုလုပ်လေ့လာခြင်းလို့ ပြင်ဆင်ပါတယ်။ ဒါကလည်း အခန်း(၉)၊ အပိုဒ်(၁၂) (ဂ)မှာ ဖော်ပြချက်နှင့်ကိုက်ညီမှုရှိစေဖို့ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ အခန်း ၆၊ ပုဒ်မ ၁၁(ဈ)မှာတော့ ဒီ ခရီးသွားလုပ်ငန်းကော်မတီ ခုန ဒါလည်း ခုနတုန်းက အရှေ့မှာဖော်ပြထားသလိုပါပဲ။ ပုဒ်မ ၂(ဒ)မှာ ဖော်ပြထားတဲ့ ခရီးသွားလုပ်ငန်းကော်မတီရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိစေဖို့ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီမှာ ထပ်မံပြီးတော့မှ ဥပဒေကြမ်းကော်မတီကို ထပ်မံအကြံပြုလိုတာကတော့ ခရီးသွားတတ်သိပညာရှင်များဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထပ်မံပြီးတော့မှ ဖြည့်စွက်လိုပါတယ်။ ပြီးတော့လည်း Community Based Tourism ပေါ့။ CBT လူထုအခြေပြု ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီးတော့လည်း ထပ်မံပြီးတော့မှ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီတဲ့ ဥပဒေပြဋ္ဌာန်းချက်များကို ထပ်မံပြီးတော့မှ ဖြည့်စွက်ပေးပါလို့ အကြံပြု ဆွေးနွေးရင်းနှင့် နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် တင်ပြဆွေးနွေးလိုတဲ့ ပုဒ်မတွေကတော့ ပထမဆုံးအနေနဲ့ ပုဒ်မ ၂(ဂ)မှာ ဒီ ကျွန်တော် ဒီမှာ Home Stay ကို ခွင့်ပြုစေချင်ပါတယ်။ အဲဒီမှာ ဘယ်လိုဖြည့်စေချင်သလဲဆိုရင် “ခရီးသည် တည်းခိုနေထိုင်ရာနေရာဆိုသည်မှာ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ အိပ်ရာနှင့် နံနက်စာစီစဉ်ပေးသည့်နေရာ၊ တည်းခိုရိပ်သာ၊ စခန်းချတည်းခိုသည့်နေရာနှင့် စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးသည့် အဆောက်အအုံ သို့မဟုတ် ဒီမှာ စခန်းချဆိုတဲ့နေရာမှာ နေအိမ်ကို ဆိုလိုသည်” လို့ ကျွန်တော်တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နံပါတ်(၁)အနေနှင့် ဒီမှာ အပေါ်မှာ စခန်းချတည်းခိုသည့်နေရာ ဆိုတာရှိပြီးပြီ။ ပြီးတော့ ဒုတိယမှာ ဒီ စခန်းချဆိုတဲ့နေရာကို ထပ်ရေးတဲ့အတွက်ကြောင့် စကားလုံးတွေက ထပ်နေတယ်။ Redundant ဖြစ်တယ်ပေါ့။ အဲဒီအပြင်မှာ ကျွန်တော်တို့ တောင်ပေါ်ဒေသတို့ ဘာတို့မှာ ဒီ Home Stay ခွင့်မပြုလို့ရှိရင် ခရီးသွားလုပ်ငန်းကို ဘယ်လိုမှ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ မဟုတ်ဘူး။ ဒီလို စခန်းချတဲ့နေရာတို့၊ အဆောက်အဦတို့ ဆိုတာကတော့ ဒီလိုဆောက်မယ်ဆိုရင် Risks တွေက အရမ်းများပါတယ်။ တွက်ချေကိုက်မလား။ မကိုက်ဘူးလား။ အများကြီးရှိတဲ့အတွက်ကြောင့် ဆောက်ကြမှာ မဟုတ်ဘူး။ ဒီနေအိမ်မှာပဲ သူတို့ သပ်သပ်စီစဉ်ပေးပြီးတော့ သူတို့ ဒီလိုမျိုး ခွင့်ပြုမှသာလျှင် ကျွန်တော်တို့ ရည်ရွယ်ချက်မှာလည်း ရေးထားတယ်။ ဒီ သဘာဝခရီးသွားလုပ်ငန်းပေါ့နော်။ အဲဒီဟာတွေ။ ပြီးတော့ အလားတူ ခရီးသွားလုပ်ငန်းတွေ အများကြီးကို ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ကျွန်တော်တို့ တောင်ပေါ်ဒေသတွေမှာလည်း ဒီခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

တစ်ချို့တွေက Home Stay ကို ခွင့်မပြုရခြင်းရဲ့အကြောင်းအရင်းပေါ့။ ခင်ဗျားတို့ သား၊ သမီးတွေ ဒီ မျက်လုံးပြာပြာနှင့်ဖြစ်စေချင်လို့လား။ ဘာညာပေါ့နော်။ အဲဒီလိုမျိုးပြောကြတယ်။ ဒီလိုမျိုး အကြောက်တရားနှင့် ကျွန်တော်တို့လုပ်ထားတဲ့ အရာတွေက ဘယ်တော့မှ မှန်ကန်တဲ့၊ ကောင်းတဲ့

ဒီဥပဒေက ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ ကျွန်တော်တို့လုပ်တဲ့နေရာမှာ Free From Fear ပေါ့။ ကျွန်တော်တို့ အကြောက်တရားမရှိဘဲနှင့် ကျွန်တော်တို့ ဘာကောင်းသလဲ။ မှန်လား၊ ကောင်းလား ဆိုတာကိုပဲ အဓိက ကြည့်ပြီးတော့ ကျွန်တော်တို့ လုပ်သင့်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

ပြီးတော့ ဒုတိယအချက်မှာ ဒီ အဖွဲ့အစည်းတွေကို ဒီမှာ ဖွဲ့တဲ့အချိန်မှာ ပထမမှာ ပြည်ထောင်စုမှာရှိတဲ့ ဗဟိုကော်မတီရှိတယ်။ ပြီးတော့ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်တဲ့ အာဏာပိုင်အဖွဲ့ရှိတယ်။ ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အာဏာပိုင်အဖွဲ့ ရှိတယ်။ ဒီမှာ ခရီးသွားလုပ်ငန်း လိုင်စင်နှင့် ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကို ထုတ်ပေးဖို့အာဏာ ပေးထားတာကို တွေ့ရပါတယ်။ ဒါ ကျွန်တော်တို့ ကြိုဆိုရမှာ ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်မှာ ရေးထားတဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုလွယ်ကူစွာ ဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည်လို့ အနောက်ဘက်စာမျက်နှာမှာ ရေးထားတဲ့အတိုင်းပဲ ဒါ ကြိုဆိုရမှာဖြစ်ပါတယ်။

ဒါပေမဲ့ ဒီမှာက မရှင်းလင်းတဲ့အရာတစ်ခုက လိုင်စင်က မြန်မာတစ်နိုင်ငံလုံး အသုံးပြုလို့ရလားဆိုတာ မရှင်းလင်းဘူး။ Nationwide ဖြစ်၊ မဖြစ် ပေါ့နော်။ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုက ထုတ်ပေးတဲ့လိုင်စင်က အဲဒီလိုမျိုး Nationwide မဖြစ်ဘူးဆိုရင် အဲဒီလိုမျိုး တခြားနေရာတွေမှာ ဒီလိုထပ်၊ ထပ်၊ ထပ်ယူနေရမယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းတွေက များပြားပြီးတော့ ဒါအောင်မြင်မှာ မဟုတ်ဘူး။ ပုဒ်မ ၁၂(ဂ)မှာ ဒီလို ဖြည့်စွက်စေချင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အသုံးပြုခွင့်ရှိသော လိုင်စင်ထုတ်ပေးခြင်း ဆိုပြီးတော့ လိုင်စင်ထုတ်ပေးခြင်းဆိုတဲ့ စကားလုံးတစ်ခုတည်း မဟုတ်ဘဲနှင့် ဒီလို မြန်မာတစ်နိုင်ငံလုံး အသုံးပြုခွင့်ရှိသော လိုင်စင်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း စသည်ဖြင့် ပေါ့နော် အဲဒီလို ဖြည့်စွက်ချင်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ အခန်း ၁၁ မှာ ဘဏ္ဍာငွေကြေး ရယူသုံးစွဲခြင်းဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ Tourism Promotion အတွက်ပေါ့နော်။ ဒီမှာ ပြဋ္ဌာန်းရေးထားတာ မရှိတဲ့အတွက်ကြောင့် ဒါကိုလည်း ဖြည့်စွက်စေချင်ပါတယ်။ ကျွန်တော်ဆွေးနွေးတာက အဓိကတော့ Spirit Of Law ပေါ့။ ဒီ Letter Of Law ကျတော့ ကျွမ်းကျင်သူတွေ၊ ဥပဒေကြမ်းကော်မတီ (သို့မဟုတ်) ဝန်ထမ်းတွေ (သို့မဟုတ်) ဝန်ကြီးဌာနတွေက ဘယ်လိုကောင်းအောင် ရေးမလဲဆိုတာကို စဉ်းစားလို့ရမှာ ဖြစ်ပါတယ်။ ကျွန်တော် အဓိကတင်ပြချင်တာကတော့ Spirit Of Law ပေါ့။ ဒီ Tourism Promotion မရှိလို့ ကျွန်တော်တို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းက မအောင်မြင်တာကိုလည်း ကျွန်တော် တင်ပြချင်ပါတယ်။

ပြီးတော့ နောက်ဆုံးမှာ တင်ပြချင်တာကတော့ ရည်ရွယ်ချက်မှာ ဒီ (ဆ) မှာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန် ဆိုတဲ့နေရာမှာ ဒီ ကျွန်တော်တို့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုတာကလည်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကလည်း နိုင်ငံတကာက ပညာရှင်တွေကိုယ်၌ကိုက ဒီတစ်ယောက်နှင့်တစ်ယောက် မတူကြဘူး။ ကျယ်ပြန့်တဲ့အတွက်ကြောင့် တစ်ခါတစ်လေ ကျဉ်းမြောင်းတယ်။ တစ်ခါတစ်လေ ကျယ်ပြန့်တယ်။ အဲဒါကြောင့် ဒီမှာ ကျွန်တော် ထပ်ဖြည့်ချင်တာကတော့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကဲ့သို့သော အလားသဏ္ဍာန်တူ ခရီးသွားလုပ်ငန်းများ

ဖွံ့ဖြိုးတိုးတက်စေပြီးဆိုပြီးတော့ ထည့်ချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီမှာ အဲဒီလိုမျိုးဖြစ်တဲ့ Adventure Tourism၊ Agriculture Tourism၊ Culture Tourism၊ Community Base Tourism၊ Eco Tourism တို့လိုပေါ့၊ Medical Tourism၊ Religious Tourism၊ Rural Tourism၊ Excursion Tourism၊ Garden Tourism ပေါ့၊ Walking Tourism ပေါ့ အစရှိသည်ဖြင့်ပေါ့နော်။ များစွာရှိတဲ့ အတွက်ကြောင့် အလားတူခရီးသွားလုပ်ငန်းများ ဆိုတာကို ထပ်ဖြည့်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော် ဥပဒေနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်တယ်၊ ဖြည့်စွက်တယ် မူသဘောအားလုံးကို တစ်ဆက်တည်းဆွေးနွေးသွားပါမယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဥပဒေမှာတော့ ကျွန်တော်တို့ကတော့ စီးပွားရေးဘက်ကကြည့်တဲ့ အတွက် အားလုံးကြည့်လို့ရှိရင် အချိန်(၆)မိနစ်အတွင်းမှာ မလုံလောက်တဲ့အတွက် ကြိုတင်ပြီးတော့ ဒီဥပဒေပုဒ်မတွေ ဆွေးနွေးပါတယ်ဆိုတာကို ပဏာမပြောကြားလိုပါတယ်။ နောက် Power Point တစ်ခုပြပါ။

အဲဒီတော့ ခရီးသွားလုပ်ငန်းမှာ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုဆိုတဲ့နေရာမှာ ဆက်စပ်နေသည့် အခြားဝန်ဆောင်မှုဆိုတာကို ပြောင်းလဲချင်ပါတယ်။ နောက်တစ်ခုက အဆောက်အအုံလား၊ အဆောက်အဦလားဆိုတာ ကျွန်တော်တို့ပြန်ပြီးတော့၊ ကျွန်တော်တို့တွေ့ခဲ့တဲ့ စကားလုံးအရ အဆောက်အဦ ဆိုတာပဲတွေ့ဖူးပါတယ်။ နောက် အိမ်ဆိုတဲ့နေရာကို ကျွန်တော်ဖြည့်စွက်လိုပါတယ်။ ဘာလို့လည်း ဆိုတော့ ဒီ CBT လို့ခေါ်ပါတယ်။ Community Based Tourism ဆိုတဲ့ အသုံးအနှုန်းနှင့် သူတို့ရဲ့ အကျိုးစီးပွားကို ဒီထဲမှာမတွေ့ရလို့ ဖြစ်ပါတယ်။ နောက် စီစဉ်လုပ်ကိုင်ပေးသည်ဆိုတဲ့နေရာ စီစဉ် လုပ်ကိုင်ဖြည့်ဆည်းပေးသည် ဆိုတာကိုဖြည့်ချင်ပါတယ်။ နောက်တစ်ခုက မြင်းလှည်းတို့၊ စက်ဘီးတို့၊ ဆိုက်ကားတို့လည်း ဒီထဲမှာပါ ပါတယ်။ ဒီအသေးစိတ်ထိ ဒီလောက်ထိကို ဒီ ဥပဒေမှာတော့ ဖြည့်သွင်း တာမတွေ့ရပါဘူး။

နံပါတ်(၃)ကတော့ ဒါ ခရီးသွားရဲ့ရည်ရွယ်ချက်ထဲမှာပါ ပါတယ်။ ခရီးသွားလုပ်ငန်းများက ဒေသအလိုက် ဘက်ညီစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးအခွင့်အလမ်းနှင့် လုပ်ငန်းရှင် အသစ်များ ပေါ်ထွန်းလာရေး ဖန်တီးပေးခြင်းဆိုတာ အရေးကြီးပါတယ်။ ကျွန်တော်တို့က Federal လို့ ပြောနေတဲ့အချိန်မှာ Regional Balance ကို အမြဲတမ်းကြည့်ရပါတယ်။ တော်တော်များများက ကျွန်တော်တို့ သိသလောက်ဆိုရင် အင်းလေးတို့၊ ပုဂံတို့မှာဆိုရင် ရန်ကုန်မြို့ကလာတဲ့ သူဌေးကြီး တွေကပဲ ဒီရဲ့ စီးပွားရေး Occupied ကို လုပ်လုပ်သွားတာဖြစ်တဲ့အတွက် ဒီဥပဒေမှာ ဒေသရဲ့လုပ်ငန်းရှင် တွေကို ဘယ်လောက်ထိ ဖွံ့ဖြိုးအောင် လုပ်ပေးရမယ်ဆိုတဲ့ ဥပဒေပုဒ်မတစ်ခုက ပါကိုပါရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပေါင်းစပ်ညှိနှိုင်းဆိုတာကို ညှိနှိုင်းလို့ရေးတာကို၊ ပေါင်းစပ်ဖြစ်ပါတယ်။ နောက်တစ်ခုက ရည်ရွယ်ချက်ထဲ၊ လုပ်ငန်းစဉ်ထဲမှာ ဒေသ၊ ဖြည့်စွက်လိုတာက ဒေသအတွင်း စီးပွားရေးလုပ်ငန်းရှင်အသစ်များ ပေါ်ထွန်းလာရန် လုပ်ငန်းစဉ်နှင့်နည်းလမ်းများ ရေးဆွဲရမည် ဆိုပြီးတော့မှ ဗဟိုကော်မတီရဲ့ ဒီလုပ်ငန်းစဉ်ကို အဲဒါကိုဖြည့်စွက်လိုပါတယ်။ ဒါကတော့ ဒါ ကျွန်တော်တို့ သွားနေတဲ့ Federal ရဲ့ခရီး ဖြစ်ပါတယ်။

နောက် ကျန်တဲ့ဖွဲ့စည်းပုံမှာကတော့ မူသဘော ကျွန်တော် ဆွေးနွေးလိုပါတယ်။ အဲဒီဖွဲ့စည်းပုံမှာကတော့ ဝန်ကြီးက ဗဟိုကော်မတီမှာ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီမှာ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ နောက်ပြီးတော့ အတွင်းရေးမှူးက အဲဒီဝန်ကြီးရဲ့ ခန့်အပ်မယ့်လူ ဖြစ်နေပါတယ်။ နောက်တစ်ခုက ဗဟိုကော်မတီမှာလည်း အတွင်းရေးမှူးဆိုတာက ဝန်ကြီးရဲ့ခန့်အပ်ခွင့်ဖြစ်နေပါတယ်။ အဲဒီတော့ ဝန်ကြီးတစ်ပါးရဲ့၊ ဒီကော်မတီရဲ့ဝန်ကြီးအနေနဲ့က လုပ်ပိုင်ခွင့်က(၃)ခုတောင် သူ့မှာ ရှိပါတယ်။ ဒါ သိပ်မဖြစ်သင့်ဘူး။ ဒီနေရာမှာ တခြားကျွမ်းကျင်ပညာရှင်တွေ၊ ဘာတွေနဲ့သုံးနှုန်းတာက ပိုပြီးတော့ သင့်လျော်မယ်လို့ထင်ပါတယ်။

နောက်ပုဒ်မတစ်ခုပြပါ။ နောက် Power Point တစ်ခုပြပါ။ နောက်တစ်ခုကတော့ ဒီဒေသ၏ အဖွဲ့အသီးသီးမှ ပြည်သူ့ကိုရွေးချယ်ထားသည့် ကိုယ်စားလှယ်များဆိုတဲ့အပိုဒ်ကို ကျွန်တော်ဖြည့်စွက်လိုပါတယ်။ တစ်ခါတစ်ရံကျရင် စီးပွားရေးသမားနှင့် ဌာနဆိုင်ရာပဲ ဆွေးနွေးတာမဟုတ်ပါဘူး။ ဒေသရဲ့ အကြပ်အတည်းတွေ၊ ပြည်သူလူထုတွေရဲ့ ပြဿနာကို ဘယ်သူကရှင်းပေးမှာလဲဆိုတဲ့ EIA SIA ပြဿနာတွေကြောင့် ဒီဟာကိုထည့်ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ နောက် ကော်မတီအသီးသီးဆိုတာလည်း ယေဘုယျကျပါတယ်။ ကျွန်တော်တို့ အနည်းဆုံးနဲ့ အများဆုံး ဘယ်နှစ်ဦးဆိုတာကိုလည်း ထပ်ပြီးတော့ပြောလိုပါတယ်။ နောက်တစ်ခုက ဒါက ဒီပုဒ်မတွေက ဒေသရှိ ပြည်သူများ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဆိုတာတွေက ကျွန်တော်တို့ထည့်သွင်းရမှာ ဖြစ်ပါတယ်။ ပြဿနာက ကျွန်တော် ခုန ပြောတဲ့အတိုင်းပါပဲ။ စီးပွားရေးသမားနှင့် အစိုးရနဲ့ ပြဿနာဖြစ်တာ မဟုတ်ပါဘူး။ ဒေသဆိုင်ရာနှင့် ပြဿနာဖြစ်လို့ရှိရင် သူတို့ရဲ့ပြဿနာကို ဘယ်သူက ရှင်းပေးမှာလဲ ဆိုတဲ့ဟာက ဒီထဲမှာမပါ ပါဘူး။

နောက် နံပါတ်(၁၀)၊ ပုဒ်မ ၁၀ မှာ ခရီးသွားလုပ်ငန်းဆီမှ ငွေကြေးအချိုးအစား သတ်မှတ်ပြီး အဆိုပါလုပ်ငန်းများ အောင်မြင်ရန်အတွက် ရန်ပုံငွေတစ်ရပ် ထားရှိရမည်။ ဒီရန်ပုံငွေတစ်ရပ်ကို ကျွန်တော် ထားရှိစေချင်ပါတယ်။ အစိုးရဘတ်ဂျက်ကနေပြီးတော့မှ ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် ဆိုရင် ဘယ်တော့မှလည်း တော်ရုံတန်ရုံဖြစ်မလာပါဘူး။ ဒါက စီးပွားရေးဖြစ်တဲ့အတွက် စီးပွားရေးအမြင်နှင့် ကျွန်တော်တို့ ရန်ပုံငွေကိုထားရှိဖို့ လိုပါတယ်။ နောက် Power Point တစ်ခုပြပါ။ အဲဒီမှာ အရေးကြီးတဲ့ ပုဒ်မ ၁၉ မှာဆို ကော်မတီကခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းဆိုတဲ့ဟာရှိပါတယ်။ ကျွန်တော်ဆိုလိုတာက ကော်မတီက ထည့်သွင်းလိုတာက ပွင့်လင်းမြင်သာမှု အမြင့်ဆုံးနည်းလမ်းဖြင့် အကျိုးအကြောင်း ခိုင်လုံစွာတင်ပြလျက်ဆိုတာကို ထည့်သွင်းရမှာဖြစ်ပါတယ်။ နို့မို့ဆိုရင် ကော်မတီရဲ့ လုပ်ပိုင်ခွင့်က တအားများတဲ့အတွက် Corruption ဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း ဒီ ပွင့်လင်းမြင်သာမှုနှင့် အမြင့်ဆုံးဆိုတဲ့ဟာကို ကျွန်တော်ထည့်သွင်းရခြင်း ဖြစ်ပါတယ်။

နောက် ပုဒ်မ ၂၇ ရဲ့နောက်မှာ ကျွန်တော် ဖြည့်စွက်စရာက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များဖြစ်သော ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ လိုင်စင်လုပ်ငန်းအရပ်ရပ်အား အများပြည်သူ လွယ်လင့်တကူသိရှိ တွေ့မြင်နိုင်ရန် နည်းလမ်းများစွာဖြင့် ထုတ်ပြန်ရမည်ဆိုပြီးတော့ ကျွန်တော် အဲဒီအပိုဒ်ကို ဖြည့်စွက်လိုပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့ဆီမှာက ဒီသတင်းအချက်အလက်တွေဟာ စီးပွားရေးလုပ်ငန်းတစ်ခုလို ဖြစ်နေပါတယ်။ သတင်းအချက်အလက်ကို သို့ဝှက်ပြီးတော့မှ ထားထားတာက ကျွန်တော်တို့ နိုင်ငံမှာ အလွယ်တကူလုပ်လို့ရတဲ့ စီးပွားရေးလုပ်ငန်းတစ်ကွက်ဖြစ်တဲ့အတွက် ဒီလိုခွင့်ပြုချက်တွေကို လုပ်တဲ့နေရာမှာ ဘယ်လို Procedure တွေ လုပ်ရပါတယ်ဆိုတာကို အမြဲတမ်းထုတ်ပြန်ထားမှသာ တော်တော်လေးကို အဆင်ပြေမှာပါ။ ဒီ စီးပွားရေးနှင့်ပတ်သက်တာ။

နောက်တစ်ခုက ပုဒ်မ ၃၀ အမိန့်ကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းလို့ ကျွန်တော် ရေးထားပါတယ်။ ပုဒ်မမှာ။ ကျွန်တော်ကတော့ အမိန့်ကို ပွင့်လင်းမြင်သာမှု အမြင့်ဆုံးနည်းလမ်းဖြင့် ကျိုးကြောင်းခိုင်လုံစွာဖော်ပြလျက်ဆိုတာကို ထည့်စေချင်ပါတယ်။ ဒါနောက်ဆုံးက အသစ်ဖြည့်စွက်တာကတော့ ဒါ ကျွန်တော့်အနေနဲ့ လိုအပ်တယ်၊ မလိုအပ်တယ် ဆိုတာတော့ သီးခြား ဆွေးနွေးလို့ရပါတယ်။ နည်းဥပဒေများက ဥပဒေထုတ်ပြန်ပြီးတော့ အနည်းဆုံး(၆)လထက် နောက်မကျစေဘဲ ဆိုတာကိုပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ နောက်ဆုံး Power Point ပြပါ။ ကျွန်တော်တို့ဆီမှာရှိတဲ့ စီးပွားရေးနှင့်ပတ်သက်တဲ့ ဥပဒေတော်တော်များများဟာ ဈေးကွက်ကို တွန်းတင်ပေးရမယ့်ပုဒ်မတွေ၊ ဈေးကွက်ကို လွတ်လပ်မှုကို အာမခံပေးရမယ့်ပုဒ်မတွေ ဖြစ်ရမယ့်အစား ဒီ အုပ်ချုပ်ရေးယန္တရားကနေ စွက်ဖက်မှုအားကြီးအောင် လုပ်ထားတဲ့ပုဒ်မတွေဟာ များသောအားဖြင့် ကျွန်တော်တို့ Business Law တွေမှာ တော်တော်များများ တွေ့နေရပါတယ်။ ဒါကြောင့်မို့ ဒီဥပဒေတွေကို၊ ဒီဥပဒေတစ်ခုလုံးကို ပြန်ကြည့်ရင်တောင်မှ ဒါ ဒီမိုကရေစီရဲ့လုပ်ပိုင်ခွင့်တွေ အရမ်းများတဲ့အတွက် -------------------------

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ဒီဥပဒေကို ကျွန်တော်မဆွေးနွေးခင် နည်းနည်းတင်ပြစရာရှိပါတယ်။ ဒီဥပဒေက အင်မတန် ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ တစ်နေ့ကဆွေးနွေးတဲ့ IP Law တို့လို၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့လို နိုင်ငံတကာနှင့်လည်း ချိတ်ဆက်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီ Tourism ဖွံ့ဖြိုးဖို့ဆိုရင် ကျွန်တော်တို့ရဲ့ ဥပဒေတွေဟာလည်းပဲ စံမီပြီးတော့ အားကောင်းဖို့လိုပါတယ်။ အရှေ့က ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားသလိုပဲ ဒီ ဥပဒေမှာ အားနည်းချက်တွေ အများကြီးတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီ ကျန်တဲ့ အာဆီယံနိုင်ငံတွေထက် သာတဲ့အချက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ Tourist ကို Promote လုပ်လို့ရပါတယ်။ ကျွန်တော်တို့မှာ ရေခဲတဲ့ဒေသတွေရှိတယ်။ သဘာဝစိမ်းလန်းတဲ့ သစ်တော၊ ပင်လယ်ကမ်းခြေ အစုံရှိတယ်။ ကျန်တဲ့နိုင်ငံတွေမှာ အဲဒီလိုစုံအောင် မရှိပါဘူး။ နောက် အဲဒီတော့ ကျွန်တော်တို့ ဒီဟာကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ဒီ မူဝါဒတွေလည်းပဲ ကောင်းဖို့လိုသလို အကောင်အထည်

ဖော်မယ့် လူတွေကလည်းပဲ အားထည့်လုပ်ကိုင်ကြဖို့လိုပါတယ်။ ဒီတော့ ကျွန်တော် ဥပဒေကို လွှမ်းခြုံပြီးတော့ပဲ ကျွန်တော် (၂)ပိုင်းခွဲ ဆွေးနွေးပါမယ်။ ပထမတစ်ပိုင်းကတော့ ခရီးသွားလုပ်ငန်းကို ဒီ Promote လုပ်မယ့် ဒီ Administrative Body ပေါ့နော်။ အဲဒီဥစ္စာနှင့် ဒုတိယပိုင်းက ဥပဒေက ပြင်လိုတဲ့ အချက်တွေကို ကျွန်တော် အချိန်မီသလောက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ပထမ ကျွန်တော်တို့ရဲ့ Body ကို ကျွန်တော်တို့ ကြည့်ပါမယ်။ ဒါ ပုဒ်မ ၄၊ ပုဒ်မ ၆၊ ပုဒ်မ ၉ ကျွန်တော် ခြုံငုံဆွေးနွေးပါမယ်။ ကျွန်တော်တို့ရဲ့ ဗဟိုကော်မတီမှာ ဒုတိယသမ္မတ ရှိပါတယ်။ အဲဒီ ဗဟိုကော်မတီကနေပြီးတော့ ခရီးသွားလုပ်ငန်း ကော်မတီကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီးတော့ ကျွန်တော်တို့ အဖွဲ့ဖွဲ့ပါတယ်။ အဲဒီအောက်မှာမှ တိုင်းနှင့်ပြည်နယ်(၁၄)ခုက ဒီ ကိုယ်စားလှယ်တွေပါတဲ့၊ ဝန်ကြီးချုပ်တွေဦးဆောင်တဲ့ ဒီအဖွဲ့၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းအဖွဲ့တွေ ဖွဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဗဟိုကော်မတီက Policy Maker တွေ Policy ချရမှာဖြစ်ပြီးတော့ အဲဒီဟာတွေကို တကယ် အကောင်အထည်ဖော်ရမယ့်ဟာက အောက်ကအဆင့်(၂)ဆင့်ဖြစ်ပါတယ်။ ဒါပေမဲ့ အကောင်အထည်ဖော်တဲ့ လူတွေဟာ အပေါ်ကို တာဝန်ခံဖို့ လိုသလို၊ လိုမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံအရ ဘယ်လိုနည်းနှင့် ကျွန်တော်တို့ တာဝန်ခံကြမလဲ။ ဒီတော့ ဒီမှာ ဒါ အားနည်းချက် ပထမဆုံးအချက်ကို တွေ့ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီတိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်တွေဟာလည်းပဲ သူ့တိုင်းနှင့် ပြည်နယ်မှာ သူ့ဟာသူ လုပ်ဆောင်နေကြမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီအတွက်ကို ကျွန်တော်တို့က မူဝါဒ တစ်ချက် လိုပါတယ်။


နောက်တစ်ခု ကျွန်တော်ဆွေးနွေးစရာရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ အဲဒီ ဗဟို ဒီလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီမှာ ဒုတိယသမ္မတ က ဥက္ကဋ္ဌဖြစ်ပါတယ်။ အတွင်းရေးမှူးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက တာဝန်ပေးသူ (သို့မဟုတ်) အမြဲတမ်းအတွင်းဝန် ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါကျတော့ ဒီဝန်ကြီးက တာဝန်မပေးမှ၊ ပေးသူမရှိမှ အမြဲတမ်း အတွင်းဝန်က အတွင်းရေးမှူး ဖြစ်ပါမယ်။ ဒီတော့ ဒီဟာကိုလည်းပဲ ကျွန်တော်တို့က။ အဲဒီမှာ ဒီ ခရီးသွား လုပ်ငန်းကော်မတီ ခုနကတုန်းက ဗဟိုကော်မတီကဖွဲ့မယ့်အဖွဲ့ အဲဒီမှာ ခုနကတုန်းကပြောတဲ့ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ခုန ဒါ ဦးသန်းစိုး လည်း ဆွေးနွေးသွားပါတယ်။ နောက်ဒီမှာတစ်ခါ ဥက္ကဋ္ဌက တာဝန်ပေးသူဆိုပြီးတော့ ဒါကို ဝန်ကြီးက (၂)နေရာလုံးကို တာဝန်ပေးထားပြန်ပါတယ်။ အဲဒီတော့ ဒီဟာကို ကျွန်တော်တို့က ပြန်ကြည့်တဲ့အခါကျတော့ ရှင်းလင်းမှုတွေ မရှိပါဘူး။

နောက်တစ်ခုက ကျွန်တော်တို့ ဖွဲ့စည်းပုံမှာ ကိုယ်စားလှယ် ဦးရေတွေ အတိအကျမရှိပါဘူး။ ကျွန်တော်တို့ ဥပမာ တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ကိုယ်စားလှယ် တစ်ဦးစီ ဒါကတော့ ရှင်းတယ်။ (၁၄)ပြည်နယ်ရှိရင် (၁၄)ယောက်ထွက်မယ်။ ခရီးသွားဆိုင်ရာ လုပ်ငန်းတတ်သိ ပညာရှင်များ ကျွန်တော်တို့ ဘယ်ပေတံနှင့်တိုင်းမလဲ။ သူသည် တတ်သိပညာရှင်ဆိုတာ။ သူသည် အရေးကြီးပါတယ်။ တကယ် လုပ်ငန်းကို Promote လုပ်ရမယ့် လူတွေ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် နှိုင်းယှဉ်ပြီးတော့ ထိုင်းမှာ ထိုင်းဥပဒေနှင့် ကျွန်တော်နည်းနည်းနှိုင်းယှဉ်ပြီး ပြောပါမယ်။ သူတို့မှာ ဒီလိုမျိုး ခန့်အပ်ပြီဆိုတာနဲ့ နံပါတ်(၁)က သက်တမ်း၊ နံပါတ်(၂)က ဒီဟာရဲ့ Qualification၊ ဒီမှာ Qualification ကို သူရေးထားတဲ့ပုံစံ အင်္ဂလိပ်လိုပါရင် နည်းနည်းခွင့်လွှတ်ပါ။ သူရေးထားတဲ့ ပုံစံက


From Qualified Person Who Were Or Currently are Professors In An Education institution Experiencing in Teaching Or Not Less Than Three Years In A Course Of Tourism Study For One Person And In A Course Of Guide Study For One Person အဲဒီတော့ သူရေးထားတဲ့ ပုံစံအရဆိုလို့ရှိရင် ကျွန်တော်တို့က ဒီလူသည် Professor ဖြစ်ရမယ်။

နောက် Tourist လုပ်ငန်းနှင့်ပတ်သက်ပြီးတော့ သင်ကြားတဲ့သက်တမ်း (၃)လအနည်းဆုံး၊ အဲ (၃)နှစ်အနည်းဆုံးရှိရမယ်။ နောက်တစ်ယောက်ကလည်းပဲ Guide နှင့်ပတ်သက်ပြီးတော့ Qualified ဖြစ်ရမယ်။ ဒီလုပ်ငန်းနှင့်ဆက်စပ်ရမယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ဘာမှဒီဥစ္စာတွေမပါ ပါဘူး။ နောက်တစ်ခုက ခရီးသွားလုပ်ငန်း ပုဂ္ဂလိကအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ဒါလည်းဘာမှမပါ ပါဘူး။ ဒီတော့ ဒီမှာအားနည်းချက်ရှိတာကို၊ ကျွန်တော် ပြင်ဆင်လိုတဲ့အချက်တွေကို ကျွန်တော်နည်းနည်း ပြောပါမယ်။ ကျော်လိုက်ပါ။ မမီတော့ပါဘူး ဟုတ်ကဲ့။ ကျော်ပါ။ ကျော်လိုက်ပါအုံး။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့မှာ ပထမဥပဒေ မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေလို့ ခေါ်တယ်။ ဒီတော့ ကျွန်တော်ပြင်ချင်တာက ဒီဟာသည် ဖွံ့ဖြိုးရေးမဟုတ်ပါဘူး။ ကျွန်တော်တို့အထဲမှာ သေချာကြည့် ကြည့်ပါ။ လမ်းညွှန်ချက်တွေပါ။ ဒါကြောင့် ကျွန်တော် ပြင်ချင်လို တဲ့အချက်ကို ပြထားပါတယ်။ နောက်တစ်ချက်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီမှာ ခရီးသွားလုပ်ငန်း ကျွန်တော်တို့ နိုင်ငံတကာမှာ ခေတ်စားနေတယ်။ ကျွန်တော်တို့ Industry၊ Tourist Industry ကျွန်တော်တို့မှာ စကားလုံးမရှိပါဘူး။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းဆိုပြီး ခြုံငုံလို့ပြောလို့မရပါဘူး။ Industry ဆိုတာ ခရီးသွားလုပ်ငန်းကို လုပ်နေတဲ့ Infrastructure တွေပါသလို တခြားဝန်ဆောင်မှု လုပ်ငန်းတွေလည်းပါတယ်။ ဒီအတွက် ဒီဟာတွေဟာ လိုပါတယ်။ အချိန်မရှိတဲ့အတွက်ကြောင့် အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စီမံကြီးကြပ်မှုအဖွဲ့ အဆင့်ဆင့် မြင်ကွင်းပုံ (ပ)



ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း စီမံကြီးကြပ်မှုအဖွဲ့ အဆင့်ဆင့် မြင်ကွင်းပုံ (ပ-၁)




မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေခေါင်းစဉ်အား ပြင်ဆင်ချက်ပြပုံ (ပ-၂)

| ပုဒ်မ | မူလပြဋ္ဌာန်းချက် နှင့် ပြင်ဆင်ချက် | ပြင်ဆင်လိုသည့်အချက် |
|---|---|---|
| ၁ | A - မြန်မာနိုင်ငံခရီးသွားလာရေး လုပ်ငန်း ဥပဒေ။<br>B - မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (သို့) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းလမ်းညွှန် ဥပဒေ |

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊

ညွှန်ကြားချက်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနှင့် ခရီးသွားလာရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီး Tour Point တစ်ခု ဖြစ်တဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်မြေကို အခြေခံပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒါက Tour Point တစ်ခု ဖြစ်တဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်မြေက ရှုခင်းတွေ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၉၆ ခုနှစ်မှာ Visit Myanmar Year လို့သတ်မှတ်ပြီး ခရီးသွားလုပ်ငန်းကနေ ဝင်ငွေ ရရှိအောင် ကျွန်မတို့နိုင်ငံမှာ ကြိုးစားခဲ့ဖူးပါတယ်။ အဲဒီတုန်းက မှန်းချက်နှင့် နှမ်းထွက် လွဲခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မရဲ့ မဲဆန္ဒနယ်မှာလည်း ဟိုတယ်ဇုန်တွေ သတ်မှတ်မြေနေရာတွေ ရယူပြီးတော့ ဟိုတယ်တွေ ဆောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒေသခံပြည်သူတွေနှင့် ပူးပေါင်းပါဝင်ခွင့်၊ အကျိုးခံစားခွင့် မရှိခဲ့တဲ့အတွက် အခုဆိုရင် အဲဒီအဆောက်အဦတွေက ယိုယွင်းပျက်စီးနေပြီးတော့ အဲဒီတုန်းကလည်း ခရီးသွားလုပ်ငန်း အောင်မြင်မှု မရခဲ့ပါဘူး။ အခုအစိုးရသစ်လက်ထက်မှာ ကျွန်မရဲ့ ဒေသကို Tour Point အနေနှင့် သတ်မှတ်ပြီး ဒေသခံပြည်သူတွေလည်း ပါဝင်ခွင့် ရလာတဲ့ အတွက်ကြောင့် အောင်မြင်လာနေပြီဖြစ်တဲ့ ခရီးသွားလုပ်ငန်း တစ်ခု ဖြစ်နေပါပြီ။

သို့ပေမယ့်လည်း ရေရှည်တည်တံ့ဖို့ ဆက်လက်ဖွံ့ဖြိုးတိုးတက်ဖို့ ထိန်းကျောင်းသွားပေးမယ့် ဥပဒေ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၊ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်မှာ ဥပဒေကြမ်းကော်မတီက မူလဥပဒေမှာပါတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေအစား မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေလို့ ပြောင်းလဲတာကို အပြည့်အဝ ထောက်ခံပါတယ်။ ရှိနေတဲ့ ခရီးသွားလုပ်ငန်းဟာ အိမ်နီးနားချင်း ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်မယ် ဆိုရင် အများကြီး မြှင့်တင်ပေးဖို့ လိုအပ်နေပါတယ်။ ထိုင်းရဲ့ အမြင့်ဆုံး ဝင်ငွေဟာ ခရီးသွားလုပ်ငန်း ဖြစ်သလို အလုပ်အကိုင်အခွင့်အရေး နည်းလှတဲ့ ကမ္ဘောဒီးယားမှာလည်း ခရီးသွားလုပ်ငန်းတွေကြောင့် အဆင်ပြေနေပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးဖို့ ရည်မှန်းချက်ထားတဲ့ နေရာမှာ Information Technology ပြီးရင် Tourism ဟာ ဒုတိယ ဖြစ်ပါတယ်။ အဲဒီအတွက် လျာထားချက် ခရီးသွား (၄)သန်းအထိ မှန်းထားပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်တဲ့ Facility တွေ ဝန်ဆောင်မှုတွေ အများကြီးလုပ်ဆောင်ရဦးမှာ ဖြစ်သလို Regulation တွေလည်း ဖြေလျှော့ပေးဖို့ လိုအပ်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း (၁) ပုဒ်မ ၂ (ဖ)နဲ့ (ဗ)ကို Slide ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို ဖြည့်စွက်ထားပါတယ်။ အခြေအနေနှင့် အချိန်အခါအရ နိုင်ငံတကာအဆင့်မီတဲ့ ဟိုတယ်တွေ တိုးချဲ့ ဆောက်လုပ်ဖို့ လိုအပ်သလို ကျေးလက်နေပြည်သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းအတွက် Community Base Tourism တွေ ၊ Eco Tourism တွေ၊ Historical Tourism တွေကို အဲဒီနေရာ တွေမှာ အခွင့်အရေး ပေးသင့်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း (၇) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီရဲ့ လုပ်ငန်းတာဝန်များမှာ ပုဒ်မ ၁၀ (စ)ကို Slide ပါအတိုင်း ပြင်ဆင်ချင်ပါတယ်။ အဓိပ္ပာယ် ပိုမိုရှင်းလင်းစေလိုတာရယ် အများပြည်သူ လုပ်ကိုင်နိုင်တဲ့ ခရီးသွားလုပ်ငန်းတွေကို အထူးပြုစေချင် ပါတယ်။

ဆက်လက်ပြီးတော့ အခန်း(၁၃) လိုင်စင် ပုဒ်မ ၂၂ မှာ လိုင်စင်သက်တမ်းကို (၅)နှစ်အထိ တိုးမြှင့်ထားပါတယ်။ လူထုအခြေပြု ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ကို အချိန်ပေးစေချင်ပါတယ်။

နိုင်ငံတော်ပိုင် ဟိုတယ်တွေကို ဒီကနေ့အထိ နှစ်ရှည်နှင့် ငှားရမ်းခဲ့တာပါ။ ခရီးသွားလုပ်ငန်းကြီးတွေရော ခရီးသွားလုပ်ငန်းငယ်တွေအတွက် အဆင်ပြေစေဖို့ (၅)နှစ်က သင့်တော်တာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း(၁၆)ပြစ်ဒဏ်များ ပုဒ်မ ၃၃ နှင့် ၃၄ မှာ Slide ပါအတိုင်း ပြစ်ဒဏ်ကို လျှော့ချထားပါတယ်။ လူထုအခြေပြု ခရီးသွားလုပ်ငန်းတွေမှာ ကျွမ်းကျင်တဲ့ ဧည့်လမ်းညွှန် မလုံလောက်မှုတွေဟာ ဖြစ်ပေါ်နိုင်ပါတယ်။ အဲဒီအတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကို ကြီးမားတဲ့ ပြစ်မှုဆိုင်ရာ ကျူးလွန်တာမဟုတ်ဘဲနှင့် ကြီးမားတဲ့ ပြစ်ဒဏ် မပေးသင့်ပါဘူး။ ဒါကြောင့်မို့လို့ ပြစ်ဒဏ်ကို လျှော့ချသင့်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း (၁၆) ပုဒ်မ ၃၅ မှာလည်း Slide ပါအတိုင်း ပြစ်ဒဏ်ကို လျှော့ချထားပါတယ်။ လူထုအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေ အများဆုံးရှိနိုင်တာကတော့ ဧည့်ဂေဟာ၊ ဧည့်ရိပ်သာ Resort နှင့် Home Stay ငယ်လေးတွေပဲ ဖြစ်မှာပါ။ အဲဒီအပြင် ခရီးသည်ပို့ဆောင်ရေးယာဉ်တစ်စီးသာ ပိုင်ဆိုင်တဲ့ လူအတွက် ဒီပြစ်ဒဏ်က များလွန်းပါတယ်။ ဒါကြောင့် ပြစ်ဒဏ်ကို လျှော့ချပေးသင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]